တေဒဂ်ရ ပုဂ္ဂိုလ်ထူးများ

အမှတ်စဉ် (၉)

ဓမ္မကထိက တေဒဂ်ရ အရှင်ပုဏ္ဏမထေရ်

ဗုဒ္ဓဘာသာဝင်တွေဟာ ကုသိုလ်ကောင်းမှု ပြုတဲ့အခါတိုင်း "ဣဒံ မေ ပုညံ နိဗ္ဗာနဿ ပစ္စယော ဟောတု - အကျွန်ုပ်၏ ဤကောင်းမှုသည် နိဗ္ဗာန်၏ အထောက်အပံ့ဖြစ်ပါစေ"လို့ ဆိုပြီး နိဗ္ဗာန်ရည်မှန်းကာ လှူဒါန်းလေ့ရှိပါတယ်။ ဒါပေမဲ့ နိဗ္ဗာန်ရအောင် ဘယ်လိုကျင့်ရမလဲဆိုတဲ့ အသေးစိတ် ကျင့်စဉ် နိဗ္ဗာန်သွားမြေပုံကို ကြည့်ပြီး မိမိဟာ နိဗ္ဗာန်နဲ့ဝေးသူလား၊ နီးသူလားဆိုတာကို သိတဲ့သူကတော့ နဲပါလိမ့်မယ်။ နောက်ပြီး နိဗ္ဗာန်ရအောင် ကျင့်တဲ့ယောဂီတွေအနေနဲ့ ဘယ်လိုအရည်အချင်းကောင်းတွေ ရှိသင့်တယ်ဆိုတာလဲ အများစုက သိပ်သိကြမယ်မဟုတ်ပါဘူး။

ဒီလို မိမိတို့ရည်မှန်းတဲ့ နိဗ္ဗာန်ရောက်အောင် ဘယ်တရားတွေ ဖြည့်ကျင့်ရမယ်ဆိုတဲ့ နိဗ္ဗာန်သွား လမ်းပြမြေပုံ၊ နောက်ပြီး ဒီတရားတွေဖြည့်ကျင့်ထားမှုကို ကြည့်ပြီး မိမိဟာ နိဗ္ဗာန်နဲ့ နီးတဲ့သူလား၊ ဝေးတဲ့သူလားဆိုတာ ဆုံးဖြတ်တိုင်းတာနိုင်ဖို့နဲ့ နိဗ္ဗာန်ရည်မှန်း ကျင့်နေတဲ့ ယောဂီတွေမှာ ရှိရမဲ့ အရည်အချင်းတွေကို အရှင်ပုဏ္ဏမထေရ်က အကျယ်တဝင့် ဟောပြထားပါတယ်။ နောက်ပြီး ဘာတွေကို စွဲမှီပြီး တဏှာစွဲ၊ မာနစွဲ၊ ဒိဋ္ဌိစွဲဆိုတဲ့ အစွဲသုံးပါးဖြစ်နေသလဲ၊ ဒီအစွဲတွေကို ပယ်သတ်ချင်တယ်ဆိုရင် ဘယ်လို နှလုံးသွင်းရမလဲ ဆိုတာတွေကိုလဲ အရှင်မြတ်က ဟောခဲ့ပါတယ်။ ဒီလို အဖိုးတန် တရားတွေကို ဟောကြားခဲ့တဲ့အတွက်ကြောင့် အရှင်ပုဏ္ဏမထေရ်ဟာ ဓမ္မကထိက-တရားဟောကောင်းတဲ့ပုဂ္ဂိုလ်တေဒဂ်ရခဲ့တာ ဖြစ်ပါတယ်။

ဒီတပတ်မှာတော့ ဓမ္မကထိကတေဒဂ်ရ အရှင်ပုဏ္ဏမထေရ်အကြောင်းကို ကြည့်ညှိကြပါမယ်။ ထုံးစံအတိုင်း အတိတ်က ဆုတောင်းပါရမီဖြည့်ခဲ့ပုံ၊ ပစ္စုပ္ပန်ဘဝ ရဟန်းပြုပုံနဲ့ နောက်ပြီး အရှင်မြတ်နဲ့ ဆက်စပ်တဲ့ တရားတော်အပိုင်းဆိုပြီး သုံးပိုင်းခွဲ ကြည့်ညှိကြပါမယ်။

အရှင်မြတ်ရဲ့ အမည်တော်ရင်းက ပုဏ္ဏ ဖြစ်ပါတယ်၊ မန္တာဏီ ဆိုတဲ့ ပုဏ္ဏေးမရဲ့သား ဖြစ်တာမို့ မန္တာဏိပုတ္တပုဏ္ဏမထေရ် လို့ အမည်တွင်ခဲ့ပါတယ်။ အဓိပ္ပါယ်ကတော့ မန္တာဏီရဲ့သား ပုဏ္ဏမထေရ် ပေါ့။ အရှင်မြတ်ရဲ့မယ်တော်က ပဉ္စဝဂ္ဂီငါးပါးထဲမှာ အကြီးဆုံး အရှင်ကောဏ္ဍည မထေရ်မြတ်ကြီးရဲ့ နမဖြစ်ပါတယ်။ ဒါ့ကြောင့် အရှင်ပုဏ္ဏဟာ အရှင်ကောဏ္ဍညမထေရ်နဲ့ တူဝရီး တော်စပ်ပါတယ်။

(က) ဝိပဿီမြတ်စွာဘုရားလက်ထက် ဆုပန်ပုံ

အရှင်မြတ်အလောင်းဟာ ပဒုမုတ္တရာမြတ်စွာဘုရားပွင့်တော်မမူမီ ရှေ့မတိုင်ခင်မှာပဲ ဟံသာ-ဝတီနေပြည်တော်က ပုဏ္ဏားသူဌေးမျိုးမှာ ဖြစ်ခဲ့ပါတယ်။ နာမည်ပေးတဲ့နေ့မှာ သူ့ကို မိဘဆွေမျိုးတွေက ဂေါတမ လို့ အမည်ပေးခဲ့ကြတယ်။ ဂေါတမပုဏ္ဏားသူဌေးလေး အရွယ်ရောက်တဲ့အခါ ဗေဒင်သုံးပုံ သင်ယူပြီး အတတ်ပညာအားလုံး တတ်မြောက်ကျွမ်းကျင်ခဲ့ကာ အခြံအရံ တပည့်ပုဏ္ဏားလုလင်ငါးရာနဲ့ လှည့်လည်နေထိုင်ခဲ့ပါတယ်။ ဂေါတမသူဌေးဟာ သူတတ်မြောက်ထားတဲ့ ဗေဒင်ပညာတွေကို ကြည့်ပြီး သံသရာလွတ်မြောက်ကြောင်းတရားကို မတွေ့ရတဲ့အတွက် "ဒီဗေဒင်သုံးပုံဆိုတာငှက်ပျောတုံးလိုပဲ အပြင်ကချောပြီး အတွင်းက အနှစ်သာရမရှိဘူး၊ ဒီဗေဒင်သုံးပုံကို အမြတ်တနိုးစွဲယူပြီး ငါရဲ့လှည့်လည်နေခြင်းဟာ ဖွဲကို ဆန်ရနိုးနိုးနဲ့ ထောင်းထုနေတာလို ဖြစ်နေတယ်။ ငါ့အတွက်ဒီဗေဒင်သုံးပုံနဲ့ ဘာအကျိုးရှိမှာလဲ"လို့ စဉ်းစားမိခဲ့တယ်။ နောက်ပြီး "ငါရသေ့ရဟန်းဝတ်ပြီးပြဟ္မဝိဟာရဈာန်တွေ ရအောင်အားထုတ်မယ်၊ ဈာန်မလျှောကျစေဘဲ ပြဟ္မာ့ပြည်မှာ ပဋိသန္ဓေနေနိုင်တဲ့သူဖြစ်အောင် အားထုတ်မယ်" လို့ တွေးတောကြံစည်ကာ တပည့်လုလင်ငါးရာနဲ့အတူ တောင်ခြေသွားပြီး ရသေ့ရဟန်းဝတ်လိုက်တယ်။ သူ့မှာ အခြံအရံ ဆံကျစ်ရသေ့ တစ်သောင်းရှစ်ထောင် ရှိခဲ့ပါတယ်။ ဒီနေရာမှာ ပြဟ္မဝိဟာရဈာန်ဆိုတာ မေတ္တာ၊ ကရုဏာ၊ မုဒိတာ၊ ဥပေက္ခာ ပြဟ္မစိုရ်တရားလေးပါးကို ပွားများလို့ ရလာတဲ့ ရူပဈာန်ကို ဆိုလိုတာဖြစ်ပါတယ်။ ဂေါတမရသေ့ဟာ အဘိညာဉ်ငါးပါးနဲ့ ဈာန်သမာပတ်ရှစ်ပါးကို ရအောင် အားထုတ်ခဲ့ပြီး၊ တပည့်ရသေ့ တစ်သောင်းရှစ်ထောင်ကိုလဲပထဝီ ကသိုဏ်းစတဲ့ သမထကမ္မဋ္ဌာန်းရှုမှတ်နည်း ကသိုဏ်းပရိကံကို ဟောကြားပြသပေးခဲ့ပါတယ်။ တပည့် ရသေ့တွေလဲ ဂေါတမရသေ့ ဟောကြားဆုံးမတဲ့အတိုင်း ပွားများအားထုတ်ကြတဲ့အတွက်အဘိညာဉ် ငါးပါး၊ သမာပတ်ရှစ်ပါး အကုန်ရခဲ့ကြပါတယ်။

ဒီလိုနဲ့ အချိန်ကာလတွေ ကြာညောင်းလို့ ဂေါတမရသေ့ အသက်အရွယ်ကြီးရင့်လာတဲ့အခါ ပဒုမုတ္တရာမြတ်စွာဘုရား ပွင့်တော်မူလာပြီး တရားဦးဓမ္မစကြာတရားဟောပြီးတဲ့နောက် ရဟန္တာတစ်သိန်းခြံရံကာ ဟံသာဝတီနေပြည်တော်ကို အမှီပြုပြီး သီတင်းသုံးနေတော်မူခဲ့ပါတယ်။ ပဒုမုတ္တရာမြတ်စွာဘုရားဟာ တစ်နေ့မှာ နံနက်မိုးသောက် အလင်းရောက်ခါနီးအချိန် လောကဓာတ်တစ်ခုလုံးကိုဉာဏ်တော်နဲ့ ဖြန့်ကျက်ကြည့်တော်မူတဲ့အခါ ဂေါတမရသေ့ရဲ့ တပည့်ရသေ့တွေ အရဟတ္တဖိုလ်ရမည့်အရေးနဲ့ ဂေါတမရသေ့ ဓမ္မကထိကတောဒဂ်ဆုပန်မည့်အရေးကို တွေ့မြင်တော်မူခဲ့ပါတယ်။ ဒီအခါ ပဒုမုတ္တရာမြတ်စွာဘုရားဟာ နံနက်စောစောမှာပင် ကိုယ်လက်သုတ်သင်မှုကိစ္စတွေကို ပြုတော်မူပြီး သပိတ်သင်္ကန်းကို ကိုယ်တိုင်ပင် ယူဆောင်ကာ မထင်မရှား သာမန်ရဟန်းတစ်ပါးအသွင်နဲ့ ဂေါတမ

ရသေ့ရဲ့ သစ်ခက်မိုးကျောင်း တဲခါးဝမှာ သွားပြီးရပ်တော်မူနေခဲ့ပါတယ်။ ဒီအချိန်မှာ ဂေါတမရသေ့ရဲ့ တပည့်ရသေ့တွေက တောထဲသွားပြီး သစ်သီးသစ်ရွက် သစ်ဥသစ်ဖု အရှာထွက်နေကြတယ်။

ဂေါတမရသေ့ဟာ မြတ်စွာဘုရား ပွင့်နေတယ်ဆိုတာ ကြိုတင်မသိခဲ့ပေမဲ့ အဝေးကနေပဲ ပဒုမုတ္တရာမြတ်စွာဘုရားကို မြင်လိုက်တာနဲ့ "ဒီယောကျ်ားမြတ်ဟာ လောကမှ လွတ်မြောက်ပြီးတဲ့သူ ဖြစ်မယ်၊ သူ့ရဲ့ ကိုယ်ကာယပြည့်စုံမှုကို ထောက်ရှုရရင် ဒီလိုလက္ခဏာကြံ့အင်နဲ့ပြည့်စုံသူဆိုတာမျိုးဟာ လောကလူ့ဘောင်မှာနေရင် စကြဝတေးမင်း ဖြစ်တဲ့ပုဂ္ဂိုလ်ပဲ၊ လူ့ဘောင်ခွါရှောင်ပြီး ရဟန်းပြုနေသူ ဆိုရင်လဲ ကိလေသာအမိုးကို လှစ်ခွါဖျက်ဆီးပြီးတဲ့ သဗ္ဗညုဘုရားစစ်စစ် ဖြစ်သူပဲ" လို့ မဟာပုရိသ-လက္ခဏာကျမ်းဂန်အရ မြတ်စွာဘုရားပဲဆိုတာ သိရှိလိုက်ပါတယ်။ အဲဒီလို သိလိုက်ပြီး ပထမဦးဆုံး မြင်လျှင်မြင်ချင်းပဲ မြတ်စွာဘုရားကို အလွန်ရိုသေစွာ ရှိခိုးဦးချကန်တော့ပြီး "မြတ်စွာဘုရား.... ကြွတော်မူပါဘုရား" လို့ လျှောက်ထားပြီး ဘုရားရှင်အတွက် နေရာခင်းပေးခဲ့ပါတယ်။ ပဒုမုတ္တရာ မြတ်စွာဘုရားလဲ ခင်းထားတဲ့နေရာမှာ ထိုင်တော်မူပြီး ဂေါတမရသေ့ကို တရားဟောတော်မူပါတယ်။

ဒီအချိန်မှာ တပည့်ရသေ့တွေဟာ "အလွန်ကောင်းမြတ်တဲ့ သစ်မြစ် သစ်သီး ကြီးငယ်တွေကို ဆရာကြီးကို ပေးလှူပြီး ကျန်တာ ဒို့စားမယ်"ဆိုတဲ့အတွေးနဲ့ တောထဲက ပြန်လာတဲ့အခါ မြင့်တဲ့နေရာမှာ မြတ်စွာဘုရားထိုင်နေပုံနဲ့ နိမ့်တဲ့နေရာမှာ သူတို့ဆရာရသေ့ ထိုင်နေပုံကို မြင်တွေ့ လိုက်တယ်ဆိုရင်ပဲ "ကြည့်ကြစမ်း၊ လောကမှာ ငါတို့ဆရာထက် ကြီးမြတ်သူဆိုတာ မရှိဘူးလို့ ထင်နေ ခဲ့တာ၊ ခုတော့ ငါတို့ဆရာကို အောက်မှာထားပြီး အထက်မြင့်တဲ့နေရာမှာ ထိုင်နေသူတစ်ယောက် တော့ ရှိနေပါပေါ့လား၊ ဧကန်စင်စစ်တော့ ဒီပုဂ္ဂိုလ်ဟာ အလွန်မြင့်မြတ်တဲ့သူ ဖြစ်ပါလိမ့်မယ်"လို့ ကြံစည်တွေးတောရင်း သစ်သီးခြင်းတောင်းတွေ ယူဆောင်ကာ ရောက်လာခဲ့ကြတယ်။ ဂေါတမ ရသေ့လဲ သူ့တပည့်တွေက ဘုရားရှေ့မှာ သူ့ကို ရှိခိုးမှာ စိုးတဲ့အတွက် အဝေးကနေပဲ "တပည့်တို့... ငါ့ကို ရှိမခိုးကြနဲ့၊ တစ်လောကလုံးမှာ အမြတ်ဆုံးဖြစ်ပြီး တစ်လောကလုံးက ဦးခိုက်ပူဇော်ထိုက်တဲ့ ပုဂ္ဂိုလ်မြတ် ဒီမှာ ထိုင်နေတော်မူပါတယ်၊ ဒီပုဂ္ဂိုလ်ကို ရှိခိုးကြပါ" လို့ တိုက်တွန်းစကား ပြောကြား လိုက်ပါတယ်။ တပည့်ရသေ့တွေလဲ "ငါတို့ဆရာက ဘာမှမသိဘဲနဲ့တော့ ဒီလို ပြောမှာမဟုတ်ဘူး" ဆိုပြီး အကုန်လုံး ပဒုမုတ္တရာမြတ်စွာဘုရားရဲ့ ခြေတော်ကို ရှိခိုးဦးခိုက်ခဲ့ကြတယ်။ "တပည့်တို့...ဒို့မှာ မြတ်စွာဘုရား အတွက် အခြားလှူစရာ ဆွမ်းဘောဇဉ်တွေ မရှိဘူး၊ ဒီ သစ်မြစ် သစ်သီးတွေကိုပဲ လှူကြစို့"ဆိုပြီး ဂေါတမရသေ့နဲ့တပည့်တွေဟာ အလွန်ကောင်းမြတ်တဲ့ သစ်မြစ် သစ်သီးတွေကို ဘုရားရှင်ရဲ့ သပိတ်တော်ထဲ လောင်းလှူခဲ့ကြတယ်။ မြတ်စွာဘုရားရှင်လဲ ရသေ့တွေ လောင်းလှူတဲ့

သစ်သီးသစ်မြစ်တွေ ကို ဘုဉ်းပေးသုံးဆောင်တော်မူပါတယ်။ အဲဒီနောက်မှ ဂေါတမရသေ့လဲ တပည့်တွေနဲ့အတူ သစ်သီး သစ်မြစ်တွေကို သုံးဆောင်ခဲ့ပါတယ်။

ပဒုမုတ္တရာမြတ်စွာဘုရားက "အဂ္ဂသာဝကတပည့်ကြီးနှစ်ပါးတို့ဟာ နောက်ပါရဟန်း တစ်သိန်းကို ခေါ်ဆောင်ပြီး လာစေသတည်း" လို့ အဓိဋ္ဌာန်လိုက်ပါတယ်။ ဒီအချိန်မှာပဲ အဂ္ဂသာဝကဖြစ်တဲ့ မဟာဒေဝလမထေရ်ဟာ "မြတ်စွာဘုရားရှင် ဘယ်အရပ် ကြွနေသလဲ"လို့ ဆင်ခြင်လိုက်လို့ "မြတ်စွာဘုရားရှင်က ငါ့တို့ကို လာစေချင်တာပဲ"ဆိုတာ သိလိုက်တယ်ဆိုရင်ပဲ ရဟန်းတစ်သိန်းကို ခေါ်ဆောင်ကာ မြတ်စွာဘုရားထံ လိုက်သွားပြီး ရှိခိုးဦးချကန်တော့ကာ မြတ်စွာဘုရားရှေ့မှာ ရပ်တည်နေလိုက်ပါတယ်။

ဒီအခါ ဂေါတမရသေ့က တပည့်တွေကို "တပည့်တို့...ငါတို့မှာ သံဃာတော်တွေကို ပူဇော်ဖို့ အခြားပူဇော်ဖွယ် မရှိဘူး၊ သံဃာတော်တွေလဲ ဆင်းဆင်းရဲရဲ ရပ်နေရတယ်၊ ဘုရားအမှူးရှိတဲ့ ရဟန်းသံဃာတော်တွေအတွက် ထိုင်ဖို့ရာ ပန်းနေရာတော် ခင်းလှူကြစို့၊ ရေပန်း ကုန်းပန်း ဆောင်ယူခဲ့ကြ" လို့ ပြောဆိုခဲ့ပါတယ်။ တပည့်ရသေ့တွေလဲ တစ်ခဏချင်းပဲ တောင်ခြေကနေ အဆင်းအနံ့နဲ့ ပြည့်စုံတဲ့ ပန်းတွေကို တန်ခိုးနဲ့ဆောင်ယူပြီး ပန်းနေရာတွေ ပြင်ဆင်ခင်းကျင်း လှူဒါန်းကြပါတယ်။ ပဒုမုတ္တရာဘုရားရှင်နဲ့ သံဃာတော်တွေဟာ ရသေ့တွေ အကျိုးများစေဖို့အတွက် အဲဒီပန်းအခင်းတွေမှာ ထိုင်ပြီး ခုနစ်ရက် နိရောဓသမာပတ်ဝင်စားတော်မူကြပါတယ်။ ရသေ့တွေလဲ ကြည်ညိုသဒ္ဓါစိတ်တွေ ဖြစ်ပြီး ဘုရားရှင်နဲ့ သံဃာတော်တွေကို ပန်းထီးတွေ ဆောင်းမိုးပေးပြီး ပူဇော်နေခဲ့ကြတယ်။

ပဒုမုတ္တရာမြတ်စွာဘုရားရှင်ဟာ ခုနစ်ရက်မြောက်နေ့မှာ နိရောဓသမာပတ်ဝင်စားရာမှ ထတော်မူတဲ့အခါ အနားမှာ ဝန်းရံထိုင်ကာပူဇော်နေတဲ့ ရသေ့တွေကို မြင်တော်မူပြီး ဓမ္မကထိကအရာ တေဒင်္ဂရထားတဲ့ ရဟန်းတော်တစ်ပါးကို "ရဟန်း....ဒီရသေ့တွေဟာ ပူဇော်မှုတွေကို အကြီးအကျယ် ပြုခဲ့ကြတယ်၊ သူတို့ကို ဝမ်းမြောက်ဖွယ် ပန်းအနုမောဒနာတရား ဟောကြားပါလော့" လို့ မိန့်တော်မူလိုက်ပါတယ်။ ဒီရဟန်းလဲ မြတ်စွာဘုရားရဲ့ တာဝန်ပေးချက်ကို လက်ခံပြီး ပိဋကသုံးပုံကို သုံးသပ်ကာ အနုမောဒနာတရား ဟောကြားတော်မူပါတယ်။ ဒီရဟန်း တရားဟောပြီးတဲ့အခါ မြတ်စွာဘုရားရှင် ကိုယ်တော်တိုင် ထပ်မံပြီး တရားဟောတော်မူခဲ့ပါတယ်။ တရားဒေသနာတော်အဆုံးမှာ ဂေါတမရသေ့ကလွဲပြီး ကျန်တဲ့ရသေ့ တစ်သောင်းရှစ်ထောင်တို့ဟာ အရဟတ္တမဂ် အရဟတ္တဖိုလ်ရပြီး ရဟန္တာအဖြစ်သို့ ရောက်တော်မူခဲ့ကြပါတယ်။

ဂေါတမရသေ့ဟာ ဒီဘာဝခန္တာနဲ့ သစ္စာလေးပါးတရားကို ထိုးထွင်းသိဖို့ရာ မစွမ်းနိုင်ဘဲ မြတ်စွာဘုရားကို "မြတ်စွာဘုရား....ခုနက တရားဟောတဲ့ ရဟန်းဟာ အရှင်ဘုရားတို့ သာသနာမှာ

ဘယ်လိုရဟန်းမျိုး ဖြစ်ပါသလဲဘုရား” လို့ မေးမြန်းလျှောက်ထားခဲ့ပါတယ်။ ဒီအခါ မြတ်စွာဘုရားက “ဂေါတမရသေ့....အဲဒီရဟန်းဟာ ငါဘုရားရဲ့ သာသနာတော်မှာ ဓမ္မကထိကအရာ ဧတဒဂ်ရထားတဲ့ ရဟန်းဖြစ်တယ်”လို့ ဖြေကြားတော်မူပါတယ်။ ဒီအခါ ဂေါတမရသေ့က “မြတ်စွာဘုရား....ဒီ ခုနစ်ရက်လုံးလုံး ပူဇော်ရတဲ့ ကောင်းမှုကုသိုလ်ရဲ့ အကျိုးကြောင့် ဒီရဟန်းကဲ့သို့ နောင်အနာဂါတ် ဘုရားတစ်ဆူရဲ့သာသနာတော်မှာ ဓမ္မကထိကပုဂ္ဂိုလ်တွေထဲမှာ အသာဆုံးပုဂ္ဂိုလ် ဖြစ်ရပါလို၏”လို့ ဆုပန်ခဲ့ပါတယ်။

ပဒုမုတ္တရာမြတ်စွာဘုရားရှင်ဟာ အနာဂတ်ကို ဉာဏ်တော်နဲ့ကြည့်တော်မူပြီး ဂေါတမရသေ့ရဲ့ ဆုတောင်း အန္တရာယ်မရှိ ပြည့်စုံမှာကို သိတော်မူတဲ့အတွက် “အိုရသေ့မြတ်....အနာဂတ် ကမ္ဘာတစ်သိန်းကာလမှာ ဂေါတမအမည်ရှိတဲ့ ဘုရားပွင့်တော်မူလိမ့်မယ်၊ သင်ဟာ အဲဒီဘုရားရှင်ရဲ့ သာသနာတော်မှာ ဓမ္မကထိကပုဂ္ဂိုလ်တွေထဲမှာ အသာဆုံးပုဂ္ဂိုလ် ဖြစ်လိမ့်မယ်” လို့ ဗျာဒိတ်စကားမိန့်ကြားတော်မူပြီး အရဟတ္တဖိုလ်ရကာ ရဟန္တာဖြစ်ခဲ့ကြတဲ့ ရသေ့တစ်သောင်းရှစ်ထောင်ကို “ ဧထ ဘိက္ခဝေါ = ရဟန်းတို့.... လာကြကုန်လော့” လို့ ခေါ်တော်မူလိုက်ပါတယ်။ ဒီအခါ ရသေ့တွေ အကုန်လုံး ဆံမုတ်ဆိတ်တွေ အလိုလိုကွယ်ပျောက်ပြီး တန်ခိုးနဲ့ဖြစ်ပေါ်လာတဲ့သပိတ်သင်္ကန်းများ ဝတ်ရုံဆင်မြန်း ဆောင်ထားလျက် ဝါတော်ခြောက်ဆယ်ရ မထေရ်ကြီးများလို ရသေ့အသွင်ပျောက်ကာ ရဟန်းအဖြစ်သို့ ရောက်ခဲ့ကြပါတယ်။ ပဒုမုတ္တရာဘုရားရှင်လဲ ရဟန်းသံဃာတော်တွေကို ခေါ်ပြီး ကျောင်းတော်ကို ပြန်ကြွသွားခဲ့ပါတယ်။

(ခ) ပစ္ဆိမဘဝ ရဟန်းပြုပုံ နဲ့ ဓမ္မကထိက ဧတဒဂ်ရပုံ

ဂေါတမရသေ့လဲ အသက်ထက်ဆုံး မြတ်စွာဘုရားကို ပြုစုလုပ်ကျွေးပြီး စွမ်းအားရှိသလောက် ကောင်းမှုကုသိုလ်များ ပြုကာ ကမ္ဘာတစ်သိန်းကာလပတ်လုံး နတ်ပြည်လူ့ပြည်တွေမှာ ကျင်လည်ခဲ့ပြီးနောက် အကျွန်ုပ်တို့ ဂေါတမဘုရားရှင်လက်ထက် ရောက်တဲ့အခါ ကပိလဝတ်မြို့အနီးက ဒေါဏဝတ္ထုပုဏ္ဏားရွာက ပုဏ္ဏားသူဌေးမျိုးမှာ ဖြစ်ခဲ့ပါတယ်။ သူ့ကို နာမည်ပေးတဲ့နေ့မှာ မိဘဆွေမျိုးများက ပုဏ္ဏလုလင်လို့ နာမည်ပေးခဲ့ကြတယ်။ မြတ်စွာဘုရားရှင် ဘုရားအဖြစ်သို့ ရောက်တော်မူပြီး တရားဦး ဓမ္မစကြာဟောပြီးတဲ့နောက် အစဉ်အတိုင်း ကြွလာတော်မူကာ ရာဇဂြိုဟ်မြို့ကို အမှီပြုပြီး သီတင်းသုံးနေတဲ့အခါ အရှင်အညာသိကောဏ္ဍညမထေရ်ဟာ ကပိလဝတ်ကို ကြွသွားပြီး သူ့ရဲ့တူ ပုဏ္ဏလုလင်ကို ရှင်ရဟန်းပြုပေးကာ တရားအားထုတ်ပုံ အားထုတ်နည်းကိုပါ ဟောပြပေးခဲ့ပါတယ်။ နောက်တစ်နေ့မှာတော့ အရှင်ကောဏ္ဍညမထေရ်မြတ်ဟာ မြတ်စွာဘုရားထံ သွားရောက်ကာ ရှိခိုးကန်တော့ တောင်းပန်လျှောက်ထားပြီး အမြဲသီတင်းသုံးနေထိုင်ဖို့အတွက် ဟိမဝန္တာက ဆဒ္ဒန်အိုင်သို့ ကြွသွားတော်မူခဲ့ပါတယ်။

မန္တာဏီပုဏ္ဏေးမရဲ့သား အရှင်ပုဏ္ဏလဲ ဦးရီးတော် အရှင်အညာသိကောဏ္ဍညမထေရ်နဲ့ အတူ မြတ်စွာဘုရားထံ လိုက်မသွားဘဲ "ငါ့ရဲ့ ရဟန်းကိစ္စ အထွတ်အထိပ်ရောက် ပြီးမြောက်မှပဲ မြတ်စွာဘုရားထံ သွားမယ်"လို့ စိတ်ဆုံးဖြတ်ပြီး ကပိလဝတ်ပြည်မှာပဲ ချန်နေရစ်ကာ ဦးရီးတော်သင်ပေးခဲ့တဲ့ အတိုင်း ဝိပဿနာတရား ကြိုးစားအားထုတ်ခဲ့ပါတယ်။ မကြာခင်ဘဲ ကိလေသာအာသဝေါကုန်ခမ်း ရဟန္တာဖြစ်တော်မူခဲ့ပါတယ်။ အရှင်ပုဏ္ဏထံမှာ ရဟန်းဝတ်နေကြတဲ့ အမျိုးကောင်းသားတွေကလဲ ငါးရာတောင် ရှိပါတယ်။ အရှင်မြတ်ဟာ ကိုယ်တိုင်ကပင် ကထာဝတ္ထုဆယ်မျိုးကို ရယူလိုက်နာကျင့် သုံးလေ့ရှိတဲ့အတွက်ကြောင့် သူ့တပည့်ရဟန်း ငါးရာကိုလဲ ဒီကထာဝတ္ထုဆယ်မျိုးနဲ့ပဲ ဆုံးမတော်မူခဲ့ ပါတယ်။ ဒီရဟန်းအပါးငါးရာလဲ အရှင်ပုဏ္ဏရဲ့ ဆုံးမဩဝါဒမှာ တည်ပြီး တရားအားထုတ်ကြတဲ့အတွက် မကြာခင်မှာဘဲ ရဟန္တာဖြစ်တော်မူခဲ့ကြတယ်။

တရားရလွယ်ကြောင်း ကထာဝတ္ထု ၁၀ မျိုး

ကထာဝတ္ထု ဆယ်မျိုးဆိုတာက အပ္ပိစ္ဆကထာ - အလိုနဲမှုနဲ့စပ်တဲ့ တရားစကား၊ သန္တုဋ္ဌိကထာ - ရောင့်ရဲလွယ်မှုနဲ့စပ်တဲ့ တရားစကား၊ ပဝိဝေကကထာ - ကင်းဆိတ်မှုနဲ့ တရားစကား၊ အသံသဂ္ဂကထာ - မရောယှက်မှုနဲ့စပ်တဲ့ တရားစကား၊ ဝီရိယာရမ္ဘကထာ - ကြိုးစားမှု ဝီရိယနဲ့စပ်တဲ့ တရားစကား၊ သီလကထာ - သီလနဲ့စပ်တဲ့ တရားစကား၊ သမာဓိကထာ - သမာဓိနဲ့စပ်တဲ့ တရားစကား၊ ပညာကထာ - ပညာနဲ့စပ်တဲ့ တရားစကား၊ ဝိမုတ္တိကထာ - အရဟတ္တဖိုလ်နဲ့စပ်တဲ့ တရားစကား၊ ဝိမုတ္တိဉာဏဒဿနကထာ - ပစ္စဝေက္ခဏာဉာဏ်နဲ့စပ်တဲ့ တရားစကား တို့ပဲ ဖြစ်ပါတယ်။ အရှင်ပုဏ္ဏမထေရ်ဟာ ကိုယ်တိုင်လဲ ဒီကထာဝတ္ထု ဆယ်မျိုးအတိုင်း လိုက်နာကျင့်သုံးပြီး တပည့်တွေကိုလဲ ဒီ ဆယ်မျိုးနဲ့ ဆုံးမတော်မူပါတယ်။

အရှင်မြတ်ရဲ့တပည့်ရဟန်းငါးရာဟာ မိမိတို့ရဲ့ရဟန်းကိစ္စ အထွတ်အထိပ်ဖြစ်တဲ့ အရဟတ္တဖိုလ်သို့ ဆိုက်ရောက်တာကို သိကြပြီးတဲ့နောက် ဥပဇ္ဈာယ်ဆရာဖြစ်တဲ့ အရှင်ပုဏ္ဏမထေရ်ထံ ချဉ်းကပ်ကာ "အရှင်ဘုရား...တပည့်တော်တို့ရဲ့ ကိစ္စ အပြီးအဆုံးသို့ ရောက်ခဲ့ပါပြီဘုရား၊ တပည့်တော်တို့ဟာ ကထာဝတ္ထုဆယ်ပါး တရားတော်မြတ်ကိုလဲ အလွယ်တကူ ရယူလေ့ရှိပါတယ်ဘုရား၊ တပည့်တော်တို့အတွက် မြတ်စွာဘုရားကို ဖူးမျှော်ဖို့ရန် အချိန်တန်ပါပြီဘုရား" လို့ လျှောက်ထားကြ ပါတယ်။ အရှင်ပုဏ္ဏမထေရ်ဟာ တပည့်ရဟန်းတွေရဲ့ လျှောက်ထားချက်ကို ကြားပြီးတဲ့နောက် "ငါ့အတွက် ကထာဝတ္ထုဆယ်ပါး တရားမြတ်ကို ရလွယ်ကြောင်းကို ဘုရားရှင် သိတော်မူပါတယ်၊ ငါ တရားဟောရင်လဲ ဒီကထာဝတ္ထုဆယ်ပါး တရားကို လက်မလွှတ်ပဲ ဟောကြားခဲ့တယ်၊ ငါ မြတ်စွာဘုရားထံ သွားရင် ဒီတပည့်ရဟန်း အပါးငါးရာကလဲ ခြံရံပြီး လိုက်ပါလာကြမှာဖြစ်တယ်၊ ဒီလို

ရဟန်းငါးရာခြံရံပြီး မြတ်စွာဘုရားထံ သွားဖို့ဆိုတာ ငါ့အတွက် မသင့်တော်ပါ၊ ဒီတပည့်ရဟန်းတွေပဲ အရင် ရှေးဦးစွာ မြတ်စွာဘုရားထံသွားပြီး ဖူးမျှော်ကြပါစေတော့”လို့ တွေးတောဆင်ခြင်ပြီး တပည့် ရဟန်းတွေကို “ငါ့ရှင်တို့....သင်တို့ အရင်သွားနှင့်ပြီး မြတ်စွာဘုရားကို ဖူးမျှော်ကြပါ၊ ငါ့အမှာစကားနဲ့ မြတ်စွာဘုရားရဲ့ ခြေတော်အစုံကို ရှိခိုးကြပါ၊ ငါလဲပဲ သင်တို့နောက်မှ လိုက်လာခဲ့ပါမယ်”လို့ မိန့်ကြား တော်မူခဲ့ပါတယ်။

ဒီရဟန်းငါးရာလုံးဟာ မြတ်စွာဘုရားရဲ့ မွေးရပ်မြေ ကပိလဝတ်ဇာတိသား ရဟန္တာတွေချည်း ဖြစ်တဲ့အပြင် ကထာဝတ္ထုဆယ်ပါး တရားကိုလဲ ရလွယ်တဲ့ပုဂ္ဂိုလ်တွေဖြစ်ကြပါတယ်။ ရဟန်းတော် အပါးငါးရာဟာ ဆရာဥပဇ္ဈာယ်ဖြစ်တဲ့ အရှင်ပုဏ္ဏမထေရ်ရဲ့ ဆုံးမသြဝါဒကို မပယ်ဖျက်ပဲ အစဉ်အတိုင်း ခရီးထွက်လာခဲ့တာ ယူဇနာခြောက်ဆယ်ခရီး လွန်မြောက်လို့ ရာဇဂြိုဟ်ပြည် ဝေဠုဝန်ကျောင်းတော်ကို သွားရောက်ပြီး မြတ်စွာဘုရားရဲ့ ခြေတော်အစုံကို ရှိခိုးဦးချ ကန်တော့ကာ သင့်တော်တဲ့ နေရာမှာ ထိုင်နေခဲ့ကြပါတယ်။

ရောက်လာတဲ့အာဂန္တုရဟန်းတွေနဲ့ ဝမ်းမြောက်ဝမ်းသာ နှုတ်ဆက်စကား ပြောကြားခြင်းဟာ ဘုရားရှင်တွေရဲ့ အလေ့အကျက်ဓမ္မတာပဲ ဖြစ်ပါတယ်။ ဒါ့ကြောင့် မြတ်စွာဘုရားက ရဟန်းငါးရာကို “ရဟန်းတို့...ဘယ်လိုလဲ ကျန်းမာကြရဲ့လား” စသဖြင့် နှုတ်ဆက်စကား ချိုမြိန်စွာ မိန့်တော်မူပြီးနောက် “ရဟန်းတို့...သင်တို့ အဘယ်အရပ်က လာခဲ့ကြသလဲ”လို့ မေးတော်မူပါတယ်။ ရဟန်းတော်များက ရှင်တော်ဘုရား မွေးဖွားရာ ကပိလဝတ်အရပ်က လာခဲ့ကြပါတယ်ဘုရားလို့ လျှောက်ထားတဲ့အခါ မြတ်စွာဘုရားက “ရဟန်းတို့....ငါဘုရားရဲ့မွေးဖွားရာ ကပိလဝတ်ပြည်သား ရဟန်းတော်တွေထဲမှာ အဘယ်ရဟန်းကိုများ အတူနေသီတင်းသုံးဖော်တွေက ‘ဒီရဟန်းဟာ ကိုယ်တိုင်က အလိုနည်းသူ ဖြစ်ပြီး၊ အခြားရဟန်းတွေကိုလဲ အလိုနည်းမှုနဲ့စပ်တဲ့တရားစကားကို ဟောပြောလေ့ရှိသူဖြစ်တယ်’ လို့ ချီးမွမ်းကြပါသလဲ” စသဖြင့် ကထာဝတ္ထု ဆယ်ပါး ရလွယ်တဲ့ ရဟန်းကို ဦးစားပေးပြီး မေးမြန်းတော် မူခဲ့ပါတယ်။ ဒီအခါ ရဟန်းငါးရာလုံးက “အရှင်ဘုရား... မန္တာဏီပုဏ္ဏေးမရဲ့သားဖြစ်တဲ့ အရှင်ပုဏ္ဏ မထေရ်ကို အတူနေသီတင်းသုံးဖော် သံဃာတော်တွေက ထိုကဲ့သို့ ချီးမွမ်းကြပါတယ်ဘုရား”လို့ လျှောက်ထားကြပါတယ်။ ထိုစကားကို အနားမှာရှိနေတဲ့ အရှင်သာရိပုတ္တရာမထေရ် ကြားရတဲ့အခါ အရှင်မြတ်က အရှင်ပုဏ္ဏမထေရ်ကို တွေ့ချင်တဲ့ဆန္ဒတွေ အလွန်အမင်း ဖြစ်ပေါ်ခဲ့ပါတယ်။

အဲဒီနောက် မြတ်စွာဘုရားရှင်လဲ ရာဇဂြိုဟ်ကနေ သာဝတ္ထိပြည်သို့ ကြွတော်မူခဲ့ပါတယ်။ အခုလို မြတ်စွာဘုရား သာဝတ္ထိပြည် ရောက်နေတဲ့အကြောင်း အရှင်ပုဏ္ဏမထေရ် ကြားသိတဲ့အခါ “မြတ်စွာဘုရားကို ငါ သွားရောက်ဖူးမျှော်မယ်”ဆိုပြီး တစ်ပါးတည်း မြတ်စွာဘုရားထံ သွားရောက်ကာ

ဖူးမျှော်ကန်တော့ခဲ့ပါတယ်။ မြတ်စွာဘုရားရှင်က အရှင်ပုဏ္ဏမထေရ်ကို ကထာဝတ္ထုဆယ်ပါးနဲ့ စပ်တဲ့ တရားကိုပဲ ဟောတော်မူပါတယ်။ အရှင်ပုဏ္ဏမထေရ်ဟာ မြတ်စွာဘုရားရဲ့ တရားတော်ကို နာယူပြီး နောက် မြတ်စွာဘုရားကို ရှိခိုးကန်တော့ကာ တစ်ပါးတည်း ကိန်းအောင်းရန်အတွက် အန္ဓဝန်တောသို့ ကြွသွားပြီး သစ်ပင်တစ်ပင်အောက်မှာ နေ့သန့်နေတော်မူပါတယ်။ ရဟန္တာအရှင်မြတ်များ တစ်ပါး တည်း တိတ်ဆိတ်တဲ့နေရာသွားပြီး နေ့သန့်တယ်ဆိုတာ ဖလသမာပတ်ဝင်စားပြီး နေတာကို ဆိုလို တာဖြစ်ပါတယ်။

အရှင်သာရိပုတ္တရာမထေရ်မြတ်လဲ အရှင်ပုဏ္ဏမထေရ် အန္ဓဝန်တောကြွသွားကြောင်း သိရတဲ့ အခါ မျက်ခြေမပြတ် အရှင်ပုဏ္ဏမထေရ်ရဲ့ ဦးခေါင်းကို ကြည့်ရှုလိုက်ပါကာ အခါအခွင့် သင့်လျော် လျောက်ပတ်တဲ့ ညနေချမ်းအခါ သမာပတ်မှထတော်မူတဲ့အချိန် အရှင်ပုဏ္ဏမထေရ်ထံ သွားရောက် ကာ ဝမ်းမြောက်ဝမ်းသာ နှုတ်ဆက်စကား ပြောကြားပြီးနောက် ဝိသုဒ္ဓိခုနစ်ပါး တရားစဉ်ကို မေးတော် မူခဲ့ပါတယ်။ အရှင်ပုဏ္ဏမထေရ်လဲ အရှင်သာရိပုတ္တရာမထေရ် မေးလာတဲ့ ပုစ္ဆာတိုင်း ပုစ္ဆာတိုင်းကို ပြန်လည်ဖြေကြားတော်မူပါတယ်။ အရှင်မြတ်ကြီးနှစ်ပါး အချင်းချင်းမေးမြန်းပြောဆိုတဲ့ တရားစကားကို ဝမ်းမြောက်ဝမ်းသာ အချင်းချင်းအပြန်အလှန် အနုမောဒနာ ပြုတော်မူခဲ့ကြတယ်။

နောင်တစ်ချိန်မှာ မြတ်စွာဘုရားရှင်ဟာ ရဟန်းသံဃာတွေရဲ့ အလယ်မှာ သီတင်းသုံး ထိုင်နေတော်မူပြီး အရှင်ပုဏ္ဏမထေရ်ကို "ရဟန်းတို့....ငါဘုရားရဲ့ တပည့် တရားဟောကောင်းကြတဲ့ ဓမ္မကထိကရဟန်းတွေထဲမှာ မန္တာဏီပုဏ္ဏေးမရဲ့သား ပုဏ္ဏရဟန်းဟာ အသာဆုံး အမြတ်ဆုံး ဖြစ်ပါပေတယ်" လို့ ချီးကျူးမိန့်တော်မူပြီး ဓမ္မကထိကဧတဒဂ်အရာ ထားတော်မူခဲ့ပါတယ်။

အရှင်မြတ်ရဲ့ ဉဒါန်း

အရှင်ပုဏ္ဏမထေရ်မြတ်ဟာ တစ်နေ့သောအခါမှာ မိမိရဲ့ အရဟတ္တဖိုလ်ဆိုတဲ့ဝိမုတ္တိတရားကို ဉာဏ်နဲ့ဆင်ခြင်ပြီး "မြတ်စွာဘုရားကို အမှီပြုပြီး ငါရော တခြားပုဂ္ဂိုလ်တော်တော်များများရော သံသရာဝဋ်ဆင်းရဲကနေ လွတ်မြောက်ခဲ့ရတယ်၊ မြတ်စွာဘုရားစတဲ့သူတော်ကောင်းတွေနဲ့ ပေါင်းဖေါ် ရခြင်းဟာ အလွန်ကျေးဇူးတရား ကြီးမားပါပေတယ်"လို့ နှစ်သက်ဝမ်းမြောက်တဲ့စိတ်တွေ ဖြစ်ပေါ် လာကာ အောက်ပါအတိုင်း ဉဒါန်းကျူးရင့်ခဲ့ပါတယ်။

"မိမိအကျိုး သူတပါးအကျိုးတွေကို သိမြင်တဲ့ ဘုရားစတဲ့ သူတော်ကောင်းတွေနဲ့သာပေါင်း ဖေါ်မှီဝဲဆည်းကပ်သင့်တယ်၊ ဘာ့ကြောင့်လဲဆိုရင် ဘုရားစတဲ့သူတော်ကောင်းတွေဟာ မမေ့မလျော့ မပေါ့ဆတဲ့ သတိတရားနဲ့ ပြည့်စုံတယ်၊ မျှော်မြင်ဆင်ခြင်နိုင်တဲ့ ဉာဏ်ပညာ၊ ဝိပဿနာဉာဏ်ပညာတွေနဲ့

ပြည့်စုံတယ်၊ ဒါ့အပြင် ကြီးမြတ်တဲ့ နိဗ္ဗာန်, နက်နဲတဲ့ နိဗ္ဗာန်, မြင်နိုင်ခဲတဲ့ နိဗ္ဗာန်, နူးညံ့တဲ့ နိဗ္ဗာန်, သိမ်မွေ့တဲ့နိဗ္ဗာန်ကို ရရှိထားတဲ့အတွက်ကြောင့်ဖြစ်တယ်။"

ဒီနေရာမှာ ဘုရားစတဲ့ သူတော်ကောင်းတွေနဲ့ ပေါင်းဖော်မှီဝဲဆည်းကပ်ရမယ်ဆိုတာ ဒီသူတော်ကောင်းတွေဟောတဲ့ တရားကို နာယူခြင်း၊ သူတို့ကျင့်သလိုမျိုး အတုလိုက်ပြီး ကျင့်ကြံ အားထုတ်ခြင်းတို့ဖြင့် သူတို့နဲ့တူတဲ့ပုဂ္ဂိုလ်ဖြစ်အောင် အားထုတ်တာကို ဆိုလိုတာ ဖြစ်တယ်လို့ ထေရဂါထာအဋ္ဌကထာမှာ မှတ်ချက်ချပြထားပါတယ်။

ဓမ္မကထိကတေဒဂ် ရခြင်းအကြောင်း

ဘာ့ကြောင့် အရှင်ပုဏ္ဏမထေရ် ဓမ္မကထိကတေဒဂ် ရခဲ့တာလဲဆိုတာကို ပြန်သုံးသပ်ကြည့်ရင် အရှင်မြတ်ဟာ ပဒုမုတ္တရာဘုရားရှင်လက်ထက်တော်က ဂေါတမပုဏ္ဏားလုလင်ဖြစ်စဉ်က တပည့် လုလင်ငါးရာကို ဗေဒင်သုံးပုံစတဲ့အတတ်တွေကို သင်ပေးတာ၊ နောက်ပိုင်း ရသေ့ဝတ်ပြီး ရသေ့ဘဝနဲ့ ဈာန်အဘိညာဉ်တွေကို ရအောင်အားထုတ်ခဲ့ပြီး တပည့်ရသေ့ တစ်သောင်းရှစ်ထောင်ကိုလဲ ဈာန် အဘိညာဉ်တွေရအောင် ဟောပြောပြသ ဆုံးမပေးတာ၊ ပဒုမုတ္တရာမြတ်စွာဘုရားနဲ့ ဖူးတွေ့ရပြီးတဲ့ နောက် ပဒုမုတ္တရာမြတ်စွာဘုရားထံကနေ တရားတော်ကို အကျဉ်းနာယူပြီး တပည့်ရသေ့ တစ်သောင်းရှစ်ထောင်ကို တရားအကျယ် ပြန်ဟောပြပေးကာ မြတ်စွာဘုရားကို ကြည်ညိုစေတာနဲ့ ပဒုမုတ္တရာမြတ်စွာဘုရားထံမှာ ဓမ္မကထိကတေဒဂ်ရလိုကြောင်း ကောင်းမှုကုသိုလ်ပြုပြီး ဆုပန် ဆုတောင်း ဗျာဒိတ်ခံယူခဲ့တာတွေ တွေ့ရမှာပါ။ ဒါတွေက အတိတ်ဘဝတွေက ပြုခဲ့တဲ့ ဝေးသော အကြောင်းတရားတွေ ဖြစ်ပါတယ်။ ဗျာဒိတ်ခံပြီး သံသရာတစ်လျှောက် ဓမ္မကထိကတေဒဂ်ရဖို့ ရည်မှန်းပြီး ပြုလုပ်အားထုတ်ခဲ့တဲ့ ကုသိုလ်တွေလဲ ရှိခဲ့ဦးမှာပါ။ ဒါတွေကိုတော့ ပိဋကကျမ်းဂန်တွေမှာ ပြဆိုထားခြင်းမရှိပါဘူး။

ယခု ဂေါတမမြတ်စွာဘုရားလက်ထက်တော်မှာတော့ အရှင်ပုဏ္ဏဟာ သူကိုယ်တိုင်လဲ တရား ထူးရစေနိုင်တဲ့ အပ္ပိစ္ဆကထာစတဲ့ ကထာဝတ္ထု ဆယ်ပါး တရားတော်နဲ့ ပြည့်စုံအောင် ကျင့်သုံးနေထိုင် ခဲ့ပြီး တပည့်ရဟန်း အပါးငါးရာကိုလည်း ကထာဝတ္ထု ဆယ်ပါးတရားနဲ့ ဟောပြောပြသ ဆိုဆုံးမ ပေးခဲ့ တယ်။ ဒါ့ကြောင့် သူကိုယ်တိုင်ရော တပည့်ရဟန်းငါးရာတို့ပါ မြတ်စွာဘုရားနဲ့ မဖူးတွေ့ရသေးခင်မှာ ဘဲ ကိလေသာအာသဝေါကုန်ခမ်း ရဟန္တာဖြစ်တော်မူခဲ့ကြတယ်။ ဒါ့အပြင် အရှင်အာနန္ဒာစတဲ့ အခြား ရဟန်းတော်တွေကိုလဲ တရားဟောကြားခဲ့ပြီး အရှင်သာရိပုတ္တရာမထေရ်ကတောင် အရှင်ပုဏ္ဏမထေရ် ထံ သွားပြီး မဂ်ဉာဏ်ဖိုလ်ဉာဏ်တရားထူး ရရေးအတွက် အဓိကအရေးပါတဲ့ ဝိသုဒ္ဓိခုနစ်ပါး အစဉ် တရားကို မေးမြန်းခဲ့လို့ အရှင်ပုဏ္ဏမထေရ်က ဥပမာဥပမေယျတွေနဲ့တကွ ရှင်းလင်း ဖြေကြားတော်

မူခဲ့ပါတယ်။ ဒီအကြောင်းအချက်အလက်တွေကြောင့်လဲ အရှင်ပုဏ္ဏမထေရ် ဓမ္မကထိက - တရားဟော ကောင်းခြင်း ဧတဒဂ်ရာထူး ရခဲ့တာဖြစ်ပါတယ်။

(ဂ) အရှင်ပုဏ္ဏမထေရ်နဲ့ ဆက်စပ်သည့်တရားတော်များ

(၁) စွဲမှီစရာရှိမှ တဏှာ မာန ဒိဋ္ဌိ အစွဲများဖြစ်

တစ်ခါမှာတော့ အရှင်အာနန္ဒာမထေရ်က ရဟန်းတော်တွေကို "ငါ့ရှင်တို့…မန္တာဏီပုဏ္ဏေးမရဲ့ သားဖြစ်တဲ့ အရှင်ပုဏ္ဏမထေရ်ဟာ ငါတို့ရဟန်းငယ်တွေအတွက် ကျေးဇူးအလွန်များတဲ့ ပုဂ္ဂိုလ်ဖြစ်ပါ တယ်၊ အရှင်ပုဏ္ဏမထေရ်က ငါတို့ကို ဒီသြဝါဒတရားနဲ့ ဟောကြားဆုံးမတယ်" လို့ ဟောကြား တော်မူခဲ့ ပါတယ်။

"ငါ့ရှင်အာနန္ဒာ…မှီစရာကို မှီတွယ်ရမှ တဏှာ မာန ဒိဋ္ဌိအစွဲတွေ ဖြစ်တာ၊ မှီစရာကို မမှီမတွယ်ရရင် ဒီအစွဲတွေ မဖြစ်ဘူး။ အဘယ်အရာတွေကို မှီတွယ်ရမှ ဒီအစွဲတွေ ဖြစ်တာလဲ ဆိုရင် ရုပ်ကို မှီတွယ်ရမှ ရုပ်ကို အကြောင်းပြုပြီး "ငါပဲ"ဆိုတဲ့ ဒိဋ္ဌိစွဲဖြစ်တယ်၊ "ငါ့ဥစ္စာပဲ၊ ငါက သူ့ထက် ပိုမြတ်တယ်"ဆိုတဲ့ တဏှာစွဲ၊ မာနစွဲတွေ ဖြစ်တယ်။ ဒီ့အတူပဲ ခံစားမှုဝေဒနာ၊ မှတ်သားမှု သညာ၊ ပြုပြင်မှု သင်္ခါရ၊ သိမှုဝိညာဏ်တွေကို အစွဲပြုပြီး "ငါပဲ၊ ငါ့ဥစ္စာပဲ၊ ငါက မြတ်တယ်"ဆိုတဲ့ အစွဲတွေ ဖြစ်ကြတယ်။ ရုပ်၊ ဝေဒနာ၊ သညာ၊ သင်္ခါရ၊ ဝိညာဏ်လို့ခေါ်တဲ့ ခန္ဓာငါးပါးကို စွဲမှီ မှီတွယ်ရတဲ့အတွက် တဏှာ မာန ဒိဋ္ဌိဆိုတဲ့ အစွဲတွေ ဖြစ်ပေါ်လာတာ ဖြစ်တယ်။ ခန္ဓာငါးပါးကို မစွဲမှီရရင် ဒီအစွဲတွေ မဖြစ်ဘူး။

ဥပမာ လုလုပပ ပြင်ပြင်ဆင်ဆင် နေတတ်တဲ့ ငယ်ရွယ်နုပျိုသူတွေဟာ ကြည်လင်နေတဲ့ မှန်ထဲ၊ ရေခွက်ထဲမှာ မိမိရဲ့မျက်နှာရိပ်ကို ကြည့်ရှုဆင်ခြင်လိုက်တဲ့အခါ မှန်နဲ့ရေခွက်တွေကို အမှီရတဲ့အတွက် မျက်နှာရိပ်ကို မြင်ရတယ်၊ မှန်နဲ့ ရေခွက်ကိုသာ မမှီရရင် ကိုယ့်မျက်နှာရိပ်ကို မတွေ့နိုင်ဘူး။ ဒီဥပမာလိုပဲ ခန္ဓာငါးပါးဆိုတဲ့ မှီတွယ်ရာကို ရတဲ့အတွက် တဏှာ မာန ဒိဋ္ဌိဆိုတဲ့ အစွဲရိပ်ဟာ ထင်ပေါ်လာတာဖြစ်တယ်။ ခန္ဓာငါးပါးဆိုတဲ့ မှီတွယ်ရာကို မရရင် ဒီအစွဲရိပ်ဟာ မထင်နိုင်ပါဘူး။

ငါ့ရှင် အာနန္ဒာ….ဘယ်လို ထင်ပါသလဲ၊ ရုပ်ဟာ မြဲတဲ့တရားလား၊ မမြဲတဲ့တရားလား။ ငါ့ရှင် ပုဏ္ဏ….ရုပ်ဟာ မမြဲတဲ့ အနိစ္စတရားပါဘုရား။ ဒါဆို ငါ့ရှင် အာနန္ဒာ……ဝေဒနာ၊ သညာ၊ သင်္ခါရ၊ ဝိညာဏ်တို့ရော မြဲတဲ့တရားတွေလား၊ မမြဲတဲ့တရားတွေလား။ ငါ့ရှင် ပုဏ္ဏ….ဒီတရားတွေလဲ မမြဲတဲ့တရားတွေပါဘုရား။ ငါ့ရှင် အာနန္ဒာ…. ဒါ့ကြောင့်ပဲ ဒီ ရုပ်၊ ဝေဒနာ၊ သညာ၊ သင်္ခါရ၊ ဝိညာဏ်ဆိုတဲ့ ခန္ဓာငါးပါးတရားတွေကို "ငါ မဟုတ်ပါတကား၊ ငါ၏ ဥစ္စာ မဟုတ်ပါတကား၊ ငါ၏ အတ္တကောင် မဟုတ်ပါတကား" လို့ ဝိပဿနာရှု ပွားပါ၊ အဲဒီလို ရှုပွားနေရင် ငြီးငွေ့တဲ့ နိဗ္ဗိဒါဉာဏ်တွေ ဖြစ်ပေါ်လာမယ်၊ ငြီးငွေ့လာရင် ဒီ ခန္ဓာငါးပါးအပေါ်မှာ တပ်မက်မှုတွေ ကင်းလာမယ်၊ တပ်မက်မှုတွေ ကင်းလာရင် ကိလေသာတွေကနေ လွတ်မြောက်လာမယ်။ ကိလေသာတွေကနေ လွတ်မြောက်ပြီးတဲ့အခါ "ပဋိသန္ဓေနေမှု ကုန်ပြီ၊ မြတ်သောအကျင့်ကို ကျင့်သုံးခြင်းကိစ္စပြီးပြီ၊ ပြုဖွယ်ကိစ္စတွေ ပြုပြီးပြီ၊ နောက်ထပ်ကျင့်စရာ မလိုတော့ပြီ"လို့ ကိုယ်ကိုယ်တိုင် ဉာဏ်နဲ့ သိလာ မှာဖြစ်တယ်။"

ဒီဩဝါဒတရားနဲ့ ငါတို့ကို ဆုံးမတော်မူတယ်။ အရှင်ပုဏ္ဏမထေရ်ရဲ့ ဒီတရားတော်ကို ကြားနာရတဲ့အတွက် ငါတို့ရဟန်းငယ်တွေဟာ သစ္စာလေးပါးတရားကို သိမြင်ပြီး တရားထူးတွေရကြတယ် ဆိုတဲ့အကြောင်း အရှင်အာနန္ဒာက ရဟန်းတွေကို ဟောပြထားတာကို ခန္ဓဝဂ္ဂသံယုတ်ပါဠိတော်မှာ ဖော်ပြထားပါတယ်။

(၂) ရထဝိနီတသုတ်လာ ဝိသုဒ္ဓိခုနစ်ပါး ကျင့်စဉ်တရား

အရှင်ပုဏ္ဏမထေရ် ဟောခဲ့တဲ့ ရထဝိနီတသုတ်ကို ဖော်ပြပါဦးမယ်။ ဒီတရားကို မဖော်ပြခင် ဒီတရားနဲ့ပတ်သက်တဲ့ ဝိသုဒ္ဓိခုနစ်ပါးသရုပ်နဲ့ အဓိပ္ပါယ်အကျဉ်းကို အရင်ဆုံး ရှင်းပြပါမယ်။ ဝိသုဒ္ဓိ ခုနစ်ပါးဆိုတာ **သီလဝိသုဒ္ဓိ၊ စိတ္တဝိသုဒ္ဓိ၊ ဒိဋ္ဌိဝိသုဒ္ဓိ၊ ကင်္ခါဝိတရဏဝိသုဒ္ဓိ၊ မဂ္ဂါမဂ္ဂဉာဏဒဿနဝိသုဒ္ဓိ၊ ပဋိပဒါဉာဏဒဿနဝိသုဒ္ဓိနဲ့ ဉာဏဒဿနဝိသုဒ္ဓိ**တို့ပဲ ဖြစ်ပါတယ်။ အဓိပ္ပါယ်အကျဉ်းကို "သီလဝိသုဒ္ဓိ-သီလစင်ကြယ်ခြင်း၊ စိတ္တဝိသုဒ္ဓိ-စိတ်စင်ကြယ်ခြင်း၊ ဒိဋ္ဌိဝိသုဒ္ဓိ-အမြင်စင်ကြယ်ခြင်း၊ ကင်္ခါဝိတရဏ-ဝိသုဒ္ဓိ-ယုံမှားမှုကိုလွန်မြောက်ကြောင်းဉာဏ် စင်ကြယ်ခြင်း၊ မဂ္ဂါမဂ္ဂဉာဏဒဿနဝိသုဒ္ဓိ-လမ်းမှန် ဟုတ်တယ်၊ လမ်းမှန် မဟုတ်ဘူးလို့ ခွဲခြားသိတဲ့ ဉာဏ်အမြင် စင်ကြယ်ခြင်း၊ ပဋိပဒါဉာဏဒဿနဝိသုဒ္ဓိ-မဂ်ဖိုလ်သို့ရောက်ကြောင်းအကျင့် ဉာဏ်အမြင်စင်ကြယ်ခြင်း၊ ဉာဏဒဿနဝိသုဒ္ဓိ-သစ္စာဆိုက်သိ မဂ်ဉာဏ်အမြင် စင်ကြယ်ခြင်း" လို့ မှတ်သားထားဖို့ပါ။ ဒီဝိသုဒ္ဓိ ခုနစ်ပါး ကျင့်စဉ်ကို ကျင့်သုံးတဲ့အတွက် ရလာတဲ့ တရားကို **အနုပါဒါပရိနိဗ္ဗာန်**-လို့ ခေါ်ပါတယ်။ အနုပါဒါပရိနိဗ္ဗာန်ဆိုတာ ဥပါဒါန် အစွဲအလမ်းတွေကင်းတဲ့ ထက်ဝန်းကျင် ငြိမ်းအေးခြင်းပဲ ဖြစ်ပါတယ်။

အရှင်ပုဏ္ဏမထေရ်ဟာ သာဝတ္ထိပြည် ဇေတဝန်ကျောင်းကို ကြွလာပြီး မြတ်စွာဘုရားကို ရှိခိုးကန်တော့ကာ မြတ်စွာဘုရားထံကနေ တရားနာယူပြီးတဲ့နောက် နေ့သန့်စင်ရန်အတွက် အန္ဓဝန်တောဆီ ထွက်လာခဲ့ပါတယ်။ အန္ဓဝန်တော ရောက်တဲ့အခါ သစ်ပင်တစ်ပင်အောက်မှာ ဖလသမာပတ်ဝင်စားရင်း နေ့သန့်စင်တော်မူပါတယ်။ အရှင်ပုဏ္ဏမထေရ် ခုလို အန္ဓဝန်တောဆီ ကြွသွားတာကို အရှင်သာရိပုတ္တရာမထေရ်သိတဲ့အတွက် အရှင်မြတ်လဲ အရှင်ပုဏ္ဏမထေရ်နောက် လိုက်လာခဲ့ပြီး အန္ဓဝန်တောထဲက သစ်ပင်တစ်ပင်အောက်မှာ ဖလသမာပတ်ဝင်စားရင်း နေ့သန့်စင်တော်မူပါတယ်။ ညနေချမ်းကာလ ရောက်တဲ့အခါ အရှင်မြတ်နှစ်ပါးလုံး ဖလသမာပတ်ဝင်စားရာမှ ထတော်မူကြပြီးတဲ့နောက် အရှင်သာရိပုတ္တရာမထေရ်က အရှင်ပုဏ္ဏမထေရ်ရှိရာ ကြွသွားကာ နှုတ်ဆက်စကားပြောဆိုပြီး ခုလို အပြန်အလှန် မေးမြန်းပြောဆိုခဲ့ကြပါတယ်။

အရှင်သာရိပုတ္တရာမထေရ်နဲ့ အရှင်ပုဏ္ဏမထေရ်တို့ ဆွေးနွေးခန်း

အရှင်သာရိပုတ္တရာကမေးပြီး အရှင်ပုဏ္ဏက ဖြေပါတယ်။

အမေး။ ။ ငါ့ရှင်… မြတ်စွာဘုရားထံမှာ မြတ်သောအကျင့်ကို ကျင့်သုံးပါသလား။

အဖြေ။ ။ ငါ့ရှင်… မှန်ပါတယ်။

အမေး။ ။ ငါ့ရှင်… သီလဝိသုဒ္ဓိဖြစ်ဖို့အတွက် မြတ်စွာဘုရားထံမှာ မြတ်သောအကျင့်ကို ကျင့်သုံး ပါသလား။

အဖြေ။ ။ ငါ့ရှင်… မဟုတ်ပါ။

အမေး။ ။ ငါ့ရှင်… စိတ္တဝိသုဒ္ဓိဖြစ်ဖို့အတွက် မြတ်စွာဘုရားထံမှာ မြတ်သောအကျင့်ကို ကျင့်သုံး ပါသလား။

အဖြေ။ ။ ငါ့ရှင်… မဟုတ်ပါ။

အမေး။ ။ ငါ့ရှင် …. ဒိဋ္ဌိဝိသုဒ္ဓိဖြစ်ဖို့အတွက် မြတ်စွာဘုရားထံမှာ မြတ်သောအကျင့်ကို ကျင့်သုံး ပါသလား။

အဖြေ။ ။ ငါ့ရှင်… မဟုတ်ပါ။

အမေး။ ။ ငါ့ရှင်…ကင်္ခါဝိတရဏဝိသုဒ္ဓိဖြစ်ဖို့အတွက် မြတ်စွာဘုရားထံမှာ မြတ်သောအကျင့်ကို ကျင့်သုံး ပါသလား။

အဖြေ။ ။ ငါ့ရှင်… မဟုတ်ပါ။

အမေး။ ။ ငါ့ရှင်…မဂ္ဂါမဂ္ဂဉာဏဒဿနဝိသုဒ္ဓိဖြစ်ဖို့အတွက် မြတ်စွာဘုရားထံမှာ မြတ်သောအကျင့် ကို ကျင့်သုံး ပါသလား။

အဖြေ။ ။ ငါ့ရှင်… မဟုတ်ပါ။

အမေး။ ။ ငါ့ရှင်… ပဋိပဒါဉာဏဒဿနဝိသုဒ္ဓိဖြစ်ဖို့အတွက် မြတ်စွာဘုရားထံမှာ မြတ်သောအကျင့် ကို ကျင့်သုံးပါသလား။

အဖြေ။ ။ ငါ့ရှင်… မဟုတ်ပါ။

အမေး။ ။ ငါ့ရှင်…ဉာဏဒဿနဝိသုဒ္ဓိဖြစ်ဖို့အတွက် မြတ်စွာဘုရားထံမှာ မြတ်သောအကျင့်ကို ကျင့်သုံးပါသလား။

အဖြေ။ ။ ငါ့ရှင်… မဟုတ်ပါ။

အမေး။ ။ ငါ့ရှင်…ဒါဆို အဘယ်အတွက် မြတ်စွာဘုရားထံမှာ မြတ်သောအကျင့်ကို ကျင့်သုံးပါသလဲ။

အဖြေ။ ။ ငါ့ရှင်… ဥပါဒါန်အစွဲအလမ်းမရှိဘဲ ထက်ဝန်းကျင် ငြိမ်းချမ်းတဲ့ အနုပါဒါပရိနိဗ္ဗာန်အတွက် မြတ်စွာဘုရားထံမှာ မြတ်သောအကျင့်ကို ကျင့်သုံးပါတယ်။

အမေး။ ။ ငါ့ရှင်….သီလဝိသုဒ္ဓိဟာ အနုပါဒါပရိနိဗ္ဗာန် ဖြစ်ပါသလား။

အဖြေ။ ။ ငါ့ရှင်….မဟုတ်ပါ။

အမေး။ ။ ငါ့ရှင်….စိတ္တဝိသုဒ္ဓိဟာ အနုပါဒါပရိနိဗ္ဗာန် ဖြစ်ပါသလား။

အဖြေ။ ။ ငါ့ရှင်….မဟုတ်ပါ။

အမေး။ ။ ငါ့ရှင်….ဒိဋ္ဌိဝိသုဒ္ဓိဟာ အနုပါဒါပရိနိဗ္ဗာန် ဖြစ်ပါသလား။

အဖြေ။ ။ ငါ့ရှင်….မဟုတ်ပါ။

အမေး။ ။ ငါ့ရှင်….ကင်္ခါဝိတရဏဝိသုဒ္ဓိဟာ အနုပါဒါပရိနိဗ္ဗာန် ဖြစ်ပါသလား။

အဖြေ။ ။ ငါ့ရှင်….မဟုတ်ပါ။

အမေး။ ။ ငါ့ရှင်….မဂ္ဂါမဂ္ဂဉာဏဒဿနဝိသုဒ္ဓိဟာ အနုပါဒါပရိနိဗ္ဗာန် ဖြစ်ပါသလား။

အဖြေ။ ။ ငါ့ရှင်….မဟုတ်ပါ။

အမေး။ ။ ငါ့ရှင်….ပဋိပဒါဉာဏဒဿနဝိသုဒ္ဓိဟာ အနုပါဒါပရိနိဗ္ဗာန် ဖြစ်ပါသလား။

အဖြေ။ ။ ငါ့ရှင်….မဟုတ်ပါ။

အမေး။ ။ ငါ့ရှင်….ဉာဏဒဿနဝိသုဒ္ဓိဟာ အနုပါဒါပရိနိဗ္ဗာန် ဖြစ်ပါသလား။

အဖြေ။ ။ ငါ့ရှင်….မဟုတ်ပါ။

အမေး။ ။ ငါ့ရှင်…ဒါဆိုရင် ဒီ ဝိသုဒ္ဓိ ခုနစ်ပါးကို ဖယ်ထားပြီး အနုပါဒါပရိနိဗ္ဗာန်ဟာ ဖြစ်နိုင်ပါ သလား။

အဖြေ ။ ။ ငါ့ရှင်… မဖြစ်နိုင်ပါ။

ဒီအခါ အရှင်သာရိပုတ္တရာမထေရ်က "ငါ့ရှင်… သင့်အဖြေစကားရဲ့ အနက်အဓိပ္ပါယ်ကို ဘယ်လို မှတ်သားရပါမလဲ"လို့ မေးပါတယ်။ အရှင်ပုဏ္ဏမထေရ်က "ငါ့ရှင်…သီလဝိသုဒ္ဓိစတဲ့ ဝိသုဒ္ဓိ ခုနစ်ပါးဟာ အနုပါဒါပရိနိဗ္ဗာန်ဖြစ်တယ်လို့ သတ်မှတ်ပညတ်မယ်ဆိုရင် ဥပါဒါန်အစွဲအလမ်း မကင်းတဲ့ တရားကို ဥပါဒါန်အစွဲအလမ်းကင်းတဲ့ အနုပါဒါပရိနိဗ္ဗာန်ဖြစ်တယ်လို့ သတ်မှတ်ရာရောက်တော့မှာ ပေါ့။ ငါ့ရှင်… နောက်ပြီး ဒီ ဝိသုဒ္ဓိခုနစ်ပါးကို ဖယ်ထားပြီး အနုပါဒါပရိနိဗ္ဗာန် ဖြစ်နိုင်တယ်ဆိုရင် ဝိသုဒ္ဓိ ခုနစ်ပါးမရှိတဲ့ ပုထုဇဉ်ပုဂ္ဂိုလ်တွေလဲ အလိုလို အနုပါဒါပရိနိဗ္ဗာန်ရပြီးသူတွေလို့ ဆိုလိုရာ ရောက် သွားမှာပေါ့။ ဥပမာနဲ့ပြောရင် ပိုနားလည်နိုင်မှာမို့ ဥပမာနဲ့ ရှင်းပြပါမယ်" လို့ အရှင်ပုဏ္ဏမထေရ်က ရှင်းလင်းဖြေဆိုပြီး အောက်ပါ ဥပမာနဲ့ ဆက်လက်ရှင်းပြပါတယ်။

ရထား ခုနစ်စင်း ဥပမာ

ငါ့ရှင်….ဥပမာအနေနဲ့ သာဝတ္ထိပြည့်ရှင် ဘုရင် ပသေနဒီကောသလမင်းဟာ သာဝတ္ထိပြည်မှာ ရှိနေစဉ်မှာပဲ သာကေတမြို့မှာ ကြီးပွားရေးအတွက် အရေးတကြီး ပြုလုပ်ဆောင်ရွက်ဖွယ်ကိစ္စ ဖြစ်ပေါ် လာတယ်ဆိုပါတော့။ အဲဒီမင်းအတွက် သာဝတ္ထိပြည်နဲ့ သာကေတမြို့အကြားမှာ သေချာသွန်သင် ဆုံးမထားတဲ့ အာဇာနည်မြင်းတွေကထားတဲ့ မြင်းရထားခုနစ်စီးလဲ စီမံထားတယ်ပေါ့။ ငါ့ရှင်…ပသေနဒီ ကောသလမင်းဟာ သာဝတ္ထိပြည်ကနေ ထွက်တဲ့အခါ နန်းတော်တံခါးဝကနေ ပထမမြင်းရထားကို တက်စီးပြီး ခရီးထွက်လာခဲ့တာ ဒုတိယမြင်းရထားဆီ ရောက်လာတယ်။ ဒီအခါ ပထမမြင်းရထား ပေါ်ကနေ ဆင်းပြီး ဒုတိယမြင်းရထားပေါ်တက်ကာ ဒုတိယမြင်းရထားနဲ့ ခရီးဆက်ခဲ့တဲ့အခါ တတိယ မြင်းရထားဆီ ရောက်လာတယ်၊ ဒီလိုနဲ့ စတုတ္ထမြင်းရထား၊ ပဥ္စမမြင်းရထား၊ ဆဋ္ဌမမြင်းရထား ဆီ အစဉ်အတိုင်း ရောက်လာတယ်။ ဆဋ္ဌမမြင်းရထားဆီရောက်တဲ့အခါ ပဥ္စမမြင်းရထားပေါ်ကနေ ဆင်းပြီး ဆဋ္ဌမမြင်းရထားနဲ့ ခရီးဆက်ထွက်လာလိုက်တာ သတ္တမမြင်းရထားဆီ ရောက်လာတယ်။ သတ္တမမြင်းရထားဆီ ရောက်တဲ့အခါ ဆဋ္ဌမမြင်းရထားပေါ်ကနေဆင်းပြီး သတ္တမမြင်းရထားပေါ်တက် ကာ အဲဒီမြင်းရထားနဲ့ပဲ ခရီးဆက်ထွက်လာတဲ့အခါ သာကေတမြို့က နန်းတော်တံခါးဝ ဆိုက် ရောက်လာတယ်။ နန်းတော်တံခါးဝ ရောက်လာတဲ့ ပသေနဒီကောသလမင်းကို ခင်မင်ရတဲ့ မိတ်ဆွေ တွေ၊ ဆွေမျိုးသားချင်းတွေက ခရီးဦးကြိုဆိုကြပြီး "အရှင်မင်းကြီး…ဒီရထားနဲ့ သာဝတ္ထိပြည်ကနေ သာကေတမြို့ နန်းတော်တံခါးရောက်တဲ့အထိ လာခဲ့ပါသလား" လို့ မေးတယ်ဆိုပါတော့၊ ဒီအခါ

ပသေနဒီကောသလမင်းအနေနဲ့ ဘယ်လိုဖြေရင် ကောင်းမွန်စွာ ဖြေရာရောက်မလဲ-လို့ အရှင်ပုဏ္ဏမထေရ်က အရှင်သာရိပုတ္တရာကို မေးခဲ့ပါတယ်။

အရှင်သာရိပုတ္တရာမထေရ်က အရှင်ပုဏ္ဏမထေရ်ကို "ငါ့ရှင်...ပသေနဒီကောသလမင်းအနေနဲ့ သူလာခဲ့တဲ့ ခရီးစဉ်အတိုင်း မြင်းရထား ခုနစ်စင်း တစ်စင်းပြီးတစ်စင်း ပြောင်းပြောင်း စီးလာပြီး နောက်ဆုံး သတ္တမမြင်းရထားနဲ့ သာကေတမြို့က နန်းတော်တံခါးဝ ရောက်လာတဲ့အကြောင်း အပြည့်အစုံဖြေဆို မယ်ဆိုရင် ကောင်းမွန်စွာ ဖြေရာရောက်ပါမယ်"လို့ ပြန်လည် ဖြေကြားပါတယ်။

ဒီအခါမှာ အရှင်ပုဏ္ဏမထေရ်က အရှင်သာရိပုတ္တရာကို "ငါ့ရှင်... ဒီဥပမာလိုပါပဲ သီလဝိသုဒ္ဓိဆိုတာ စိတ္တဝိသုဒ္ဓိ-စိတ်စင်ကြယ်ဖို့အတွက်ဖြစ်တယ်၊ စိတ္တဝိသုဒ္ဓိဆိုတာ ဒိဋ္ဌိဝိသုဒ္ဓိ-ဉာဏ်အမြင် စင်ကြယ်ဖို့အတွက် ဖြစ်တယ်၊ ဒိဋ္ဌိဝိသုဒ္ဓိဆိုတာ ကင်္ခါဝိတရဏဝိသုဒ္ဓိ-ယုံမှားသံသယကို လွန်မြောက်ကြောင်းဉာဏ် စင်ကြယ်ဖို့အတွက် ဖြစ်တယ်၊ ကင်္ခါဝိတရဏဝိသုဒ္ဓိဆိုတာ မဂ္ဂါမဂ္ဂဉာဏဒဿနဝိသုဒ္ဓိ-ဒါဟာ လမ်းမှန်ပဲ၊ ဒါဟာ လမ်းမှားပဲလို့ ဆုံးဖြတ်နိုင်တဲ့ဉာဏ်အမြင် စင်ကြယ်ဖို့အတွက် ဖြစ်တယ်၊ မဂ္ဂါမဂ္ဂဉာဏဒဿနဝိသုဒ္ဓိဆိုတာ ပဋိပဒါဉာဏဒဿနဝိသုဒ္ဓိ-မဂ်ဖိုလ်ရောက်ကြောင်းအကျင့် ဉာဏ်အမြင် စင်ကြယ်ဖို့အတွက်ဖြစ်တယ်၊ ပဋိပဒါဉာဏဒဿနဝိသုဒ္ဓိဆိုတာ ဉာဏဒဿနဝိသုဒ္ဓိ-မဂ်ဉာဏ်အမြင် စင်ကြယ်ဖို့အတွက် ဖြစ်တယ်။ ဉာဏဒဿနဝိသုဒ္ဓိဆိုတာ အနုပါဒါပရိနိဗ္ဗာန် - အစွဲအလမ်းဥပါဒါန်တွေ ကင်းစင်ပြီး ထက်ဝန်းကျင် ငြိမ်းအေးခြင်းအတွက် ဖြစ်တယ်။ ငါ့ရှင်... ဒါ့ကြောင့် အကျွန်ုပ်ဟာ အနုပါဒါပရိနိဗ္ဗာန်ရဖို့အတွက် မြတ်စွာဘုရားထံမှာ မြတ်သောအကျင့်ကို ကျင့်သုံးခြင်း ဖြစ်ပါတယ်"လို့ ရှင်းလင်းလျှောက်ထား ဖြေကြားခဲ့ပါတယ်။

အဲဒီနောက်မှာတော့ ရဟန္တာအရှင်မြတ်ကြီးနှစ်ပါးတို့ဟာ တစ်ပါးနဲ့တစ်ပါး အပြန်အလှန် နာမည်တွေ မေးမြန်းကြပြီး အချင်းချင်း မေးခဲ့ကြ၊ ဖြေခဲ့ကြတဲ့ တရားတော်ကို အပြန်အလှန် ဝမ်းမြောက်နမော်သာဓုခေါ်ခဲ့ကြတယ်။ ဒီအကြောင်းအရာတွေကို မဇ္ဈိမနိကာယ်၊ မူလပဏ္ဏာသပါဠိတော်မှာ ရထဝိနီတသုတ်ဆိုတဲ့ နာမည်နဲ့ မှတ်တမ်းတင်ထားပါတယ်။

ဥပမာနဲ့ ဥပမေယျ နှိုင်းယှဉ်နီးနှောချက်

အရှင်ပုဏ္ဏမထေရ် ရှင်းပြခဲ့တဲ့ ဥပမာနဲ့ ဥပမေယျကို ပိုပြီးရှင်းလင်းနားလည်စေဖို့ မူလပဏ္ဏာသ-အဋ္ဌကထာမှာ ခုလို နှိုင်းယှဉ်နီးနှောပြထားပါတယ်။ အိုနာသေကြောက်တဲ့ ယောဂီပုဂ္ဂိုလ်က သာဝတ္ထိပြည့်ရှင် ဘုရင်ပသေနဒီ ကောသလမင်းနဲ့တူပါတယ်။ ထင်ရှားရှိနေတဲ့ သက္ကာယခန္ဓာ့ဖြစ်စဉ်က သာဝတ္ထိမြို့နဲ့တူတယ်။ နိဗ္ဗာန်က သာကေတမြို့နဲ့တူတယ်။ ယောဂီပုဂ္ဂိုလ်က သစ္စာလေးပါး တရားထူး

ထိုးထွင်းသိဖို့ရန်အတွက် ကျင့်ကြံစရာကိစ္စနဲ့ ရှင်ဘုရင်ရဲ့ သာကေတမြို့မှာ ကြီးပွားရေးအတွက် အဆောတလျင် ဆောင်ရွက်စရာကိစ္စနဲ့တူတယ်။ ဝိသုဒ္ဓိခုနစ်ပါးက ရထားခုနစ်စင်းနဲ့တူတယ်။ သီလဝိသုဒ္ဓိမှာ တည်နေတာက ပထမမြင်းရထားကို တက်စီးတာနဲ့တူတယ်။ သီလဝိသုဒ္ဓိအစရှိတဲ့ ရှေးရှေးဝိသုဒ္ဓိတွေနဲ့ စိတ္တဝိသုဒ္ဓိစတဲ့နောက်နောက်ဝိသုဒ္ဓိတွေမှာ တဆင့်တဆင့် ပြောင်းပြောင်း တည်သွားတာနဲ့ ပထမမြင်းရထားအစရှိတဲ့ မြင်းရထားတွေနဲ့ ဒုတိယမြင်းရထားစတဲ့ နောက်မြင်း ရထားတွေဆီ သွားတာ တူပါတယ်။ ဉာဏဒဿနဝိသုဒ္ဓိဆိုတဲ့ မဂ်ဉာဏ်နဲ့ ကိလေသာတွေကို အမြစ် ပြတ် ပယ်သတ်ပြီး အရဟတ္တဖိုလ်ဆိုတဲ့ တရားပြသာဒ်အထွတ်အထိပ်အထိ ရောက်ပြီးတဲ့ ယောဂီ ပုဂ္ဂိုလ်ရဲ့ နိဗ္ဗာန်ကို အာရုံပြုပြီး ဖလသမာပတ်ဝင်စားကာ လောကုတ္တရာချမ်းသာကို ခံစားနေတာက သတ္တမမြင်းရထားနဲ့ သာကေတမြို့ နန်းတော်အတွင်း သက်ဝင်ကာ နန်းဆောင်ပြသာဒ်ထက်မှာ ဆွေမျိုးမိတ်ဆွေတွေနဲ့အတူ အရသာရှိတဲ့ အစားအသောက်တွေကို သုံးဆောင်ခံစားတာနဲ့ တူပါ တယ်။

ရထဝိနီတသုတ်ရဲ့ ဆိုလိုရင်းအနှစ်ချုပ်

ဆိုလိုတာကတော့ အိုနာသေဒုက္ခတွေနဲ့ ဆက်စပ်နေတဲ့ ခန္ဓာသက္ကာယမြို့ကနေ မအိုမနာမသေတဲ့ နိဗ္ဗာန်မြို့ကို သွားလိုတဲ့ အိုနာသေက လွတ်လိုသော ယောဂီပုဂ္ဂိုလ်အနေနဲ့ ပထမမြင်းရထားနဲ့တူတဲ့ သီလဝိသုဒ္ဓိကို ကျင့်သုံးပါ။ သီလစင်ကြယ်လာတာနဲ့အမျှ ဒုတိယမြင်းရထား နဲ့တူတဲ့ စိတ္တဝိသုဒ္ဓိ ဖြစ်လာပါမယ်။ သမာဓိကြောင့် စိတ္တဝိသုဒ္ဓိအားကောင်းလာတာနဲ့အမျှ တတိယမြင်းရထားနဲ့တူတဲ့ ဒိဋ္ဌိဝိသုဒ္ဓိ ဖြစ်လာပါမယ်။ ပညတ် ပရမတ်ကွဲလို့ ရုပ်နာမ်မျှသာ ရှိပါလားလို့ ဉာဏ်အမြင်စင်ကြယ်တဲ့ ဒိဋ္ဌိဝိသုဒ္ဓိအားကောင်းလာတာနဲ့အမျှ စတုတ္ထမြင်းရထားနဲ့တူတဲ့ ကင်္ခါဝိတရဏ ဝိသုဒ္ဓိ ဖြစ်လာပါမယ်။ ရုပ်နာမ်တရားတွေရဲ့ အကြောင်းကို သိမ်းဆည်းနိုင်လို့ ကြောင်းကျိုးဆက် ဖြစ်စဉ်မျှသာပဲလို့ တရားနဲ့ပတ်သက်တဲ့ ယုံမှားသံသယတွေ ရှင်းလာတဲ့အခါ ကင်္ခါဝိတရဏဝိသုဒ္ဓိ အဆင့်ကို ရောက်လာပါပြီ။ ဒီ သီလဝိသုဒ္ဓိ၊ စိတ္တဝိသုဒ္ဓိ၊ ဒိဋ္ဌိဝိသုဒ္ဓိ၊ ကင်္ခါဝိတရဏဝိသုဒ္ဓိဆိုတဲ့ ဝိသုဒ္ဓိအဆင့်လေးဆင့်ကို ရောက်ပြီဆိုရင် ဒီပုဂ္ဂိုလ်ကို **စူဠသောတာပန်**လို့ ခေါ်ပါတယ်။

စူဠသောတာပန်

စူဠသောတာပန်ဆိုတာ သောတာပန်အငယ်စားလို့ ဆိုလိုတာပါ။ သောတာပန်အစစ်ဖြစ်သူ ကတော့ ဒိဋ္ဌိနဲ့ ဝိစိကိစ္ဆာကို မိမိသန္တာန်မှာ မကြွင်းကျန်ရအောင် ပယ်နိုင်ပါတယ်။ ဒီ ကင်္ခါဝိတရဏ ဝိသုဒ္ဓိအဆင့်အထိ ရောက်လာတဲ့ ယောဂီပုဂ္ဂိုလ်လဲ ဒီ ဒိဋ္ဌိနဲ့ ဝိစိကိစ္ဆာကို အကြွင်းမဲ့ မပယ်နိုင်ပေမဲ့ အတော်ကြာအောင် ခွါထားနိုင်ပါပြီ။ ဒါ့ကြောင့် သောတာပန်အစစ်နဲ့ အလားတူလို့ စူဠသောတာပန် -

သောတာပန်အငယ်စား ဖြစ်ပြီလို့ ဆိုနိုင်တာပါ။ သီလဝိသုဒ္ဓိ စိတ္တဝိသုဒ္ဓိတွေနဲ့ စင်ကြယ်ပြီး တည်တံ့ခိုင်မြဲတဲ့ သီလ သမာဓိရှိနေတဲ့အတွက် ကမ္မပထမြောက်တဲ့ ဒုစရိုက်အကုသိုလ်တွေလဲ ကင်းနေပါပြီ၊ ဒီဝိသုဒ္ဓိလေးမျိုးကနေ မဆုတ်နစ်ခဲ့ရင် မဂ်ဖိုလ်ကို မရသေးပေမဲ့ ဒုတိယဘဝတွက် အပါယ်လေးပါး မလားဘဲ သုဂတိဘဝကို ကေန်ရနိုင်ပါတယ်။

လမ်းမှားနဲ့ လမ်းမှန်ကို ခွဲခြားနိုင်ဖို့ အရေးကြီး

ဒီ ကင်္ခါဝိတရဏဝိသုဒ္ဓိ အားကောင်းလာတာနဲ့အမျှ ပဉ္စမမြင်းရထားနဲ့တူတဲ့ မဂ္ဂါမဂ္ဂဉာဏ-ဒဿနဝိသုဒ္ဓိ ဖြစ်လာပါမယ်။ ရုပ်နာမ်တွေရဲ့ အကြောင်းနဲ့ အကျိုးကို သိမ်းဆည်းလာနိုင်တဲ့အတွက် ရုပ် နာမ်တွေရဲ့ အဖြစ်နဲ့ အပျက်တွေကို သုံးသပ်လာနိုင်တယ်၊ နောက် ဖြစ်မှု၊ ပျက်မှုတွေ ပိုထင်ရှားလာတယ်။ အဲဒီအခါမှာ ယောဂီပုဂ္ဂိုလ်ရဲ့သန္တာန်မှာ တစ်ခါမှာ မဖြစ်ဘူးတဲ့ ပီတိတွေ၊ အလင်းရောင်တွေ၊ ငြိမ်းချမ်းမှုတွေ၊ ချမ်းသာမှုတွေ စတဲ့ ထူးခြားမှုတွေ ဖြစ်ပေါ်လာတတ်ပါတယ်။ ဒီအခါမှာ နည်းမှန်ကို ညွှန်ပြပေးမဲ့ ဆရာကောင်း မရှိရင် ဒါမှမဟုတ် အမှားနဲ့ အမှန်ကို ခွဲခြားနားလည်တဲ့ အသိဉာဏ်မရှိခဲ့ရင် ယောဂီပုဂ္ဂိုလ်က အဲဒီလို တစ်ခါမှ မဖြစ်ဖူးတဲ့ ထူးခြားမှုတွေကို မဂ်ပဲ၊ ဖိုလ်ပဲလို့ အထင်ရောက် သွားတတ်ပါတယ်။ အဲဒီလို အထင်ရောက်နေခြင်းဟာ တကယ့် မဂ်တရားအစစ်၊ ဖိုလ်တရားအစစ်အထိ မကျင့်သုံးဖြစ်အောင် နောက်ယုက်တတ်လို့ ဒါဟာ နိဗ္ဗာန်ရလိုသူတွေအတွက် လမ်းမှားပါပဲ။

ဆရာကောင်းတွေရဲ့ လမ်းမှန်ညွှန်ပြမှု ဒါမှမဟုတ် နာယူထား သင်ယူထားတဲ့ အသိကြောင့် ဒီလို ထူးခြားမှုဖြစ်စဉ်တွေဟာ တရားထူး မဟုတ်သေးဘူး ၊ ငါ့ရဲ့အလုပ်က ရုပ် နာမ်တွေရဲ့ ဖြစ်မှုနဲ့ ပျက်မှုကိုပဲ ဆက်မှတ်ပြီး အားထုတ်ရမှာ ပါလားလို့ သိပြီး ဆက်အားထုတ်နေရင် အဲဒါ လမ်းမှန်ပါပဲ။ အဲဒီလို လမ်းမှားနဲ့ လမ်းမှန်ကို ခွဲခြားသိနိုင်တဲ့ ဉာဏ်အမြင်လို့ ခေါ်တဲ့ မဂ္ဂါမဂ္ဂဉာဏဒဿနဝိသုဒ္ဓိတွေ အားကောင်းလာတာနဲ့အမျှ ဆဋ္ဌမမြင်းရထားနဲ့တူတဲ့ ပဋိပဒါဉာဏဒဿနဝိသုဒ္ဓိ ဖြစ်လာမှာပါ။ မဂ္ဂါမဂ္ဂ-ဉာဏဒဿနဝိသုဒ္ဓိအခိုက် သမ္မသနဉာဏ်နဲ့ ဥဒယဗ္ဗယဉာဏ်တွေ အားကောင်းလာအောင် ကြိုးစားရှုမှတ်နိုင်မှ ပဋိပဒါဉာဏဒဿနဝိသုဒ္ဓိအဆင့် ရောက်မှာကို ဆိုလိုတာပါ။

ဝိပဿနာဉာဏ်စဉ် အဆင့်ဆင့်ဖြစ်ပုံ

ပဋိပဒါဉာဏဒဿနဝိသုဒ္ဓိဆိုတာ ရင့်ကျက်လာတဲ့ ဝိပဿနာဉာဏ်အဆင့်ဆင့်ကို ခေါ်တာပါ။ ဒီ ဝိပဿနာဉာဏ်အဆင့်ဆင့်ကသာ မဂ်၊ ဖိုလ်ဆိုတဲ့ တရားထူးကို ရစေနိုင်တဲ့ အကျင့်ပဋိပတ် ဉာဏ်အမြင်ပဲ ဖြစ်ပါတယ်။ ရုပ်နာမ်တွေရဲ့ ဖြစ်မှု ပျက်မှုတွေ ထင်ရှားလာတဲ့အထိ ရှုမှတ်နိုင်လာတဲ့အခါ

ဥဒယဗ္ဗယဉာဏ် အားကောင်းလာတဲ့အတွက် ဖြစ်ပျက်တွေဟာ ကြည့်ရင်းကြည့်ရင်း မြန်လွန်းတဲ့အတွက် အဖြစ်ကို အာရုံမပြုမိတော့ဘဲ အပျက်ကိုပဲ မြင်လာပါတယ်၊ ဒါကို **ဘင်္ဂဉာဏ်**လို့ ခေါ်တယ်။ ရုပ် နာမ်တရားတစ်ခုခုရဲ့ အပျက်ကို အာရုံပြု ရှုမှတ် နေတဲ့ ဘင်္ဂဉာဏ်ရဲ့ အပျက်ကိုပဲ နောက်ထပ်ဆက်ပြီး ဉာဏ်တစ်ခုက အာရုံပြုနိုင်တဲ့အခါ ဘင်္ဂဉာဏ် အမြင့်ဆုံးအဆင့်ကို ရောက်နေပါပြီ။ ဒီဘင်္ဂဉာဏ် အားကောင်းလာတဲ့အခါ နမ်းအိုးကင်းထက် နမ်းတွေ တဖျစ်ဖျစ် ပျက်နေသလို အဆက်မပြတ် တရစပ်ပျက်နေတဲ့ ရုပ် နာမ်တွေဟာ ကြောက်စရာတွေချည်းပါလား လို့ ထင်မြင်လာတဲ့ **ဘယဉာဏ်** ဖြစ်ပေါ်လာပါတယ်။

ဒီ ဘယဉာဏ်ပေါ်လာတဲ့အခါ ရုပ်နာမ်တရားတွေအပေါ် အပြစ်မြင်တဲ့ **အာဒီနဝဉာဏ်**လဲ ပေါ်လာတော့မှာပါ။ အပြစ်မြင်မိရင် ဒီရုပ်နာမ်တရားတွေအပေါ်မှာ မပျော်ရွှင်နိုင်တော့ဘဲ ငြီးငွေ့တဲ့ **နိဗ္ဗိဒါဉာဏ်**လဲ ဆက်လက် ဖြစ်ပေါ်လာမှာပါ။ အဲဒီလို ငြီးငွေ့ရာကနေ ဒီ ရုပ် နာမ်တွေကနေ လွတ်မြောက်လိုတဲ့ **မုစ္စိတုကမျတာဉာဏ်**လဲ ဖြစ်ပေါ်လာတော့မှာ ဖြစ်ပါတယ်။ ဒီဉာဏ်ဖြစ်လာတဲ့အခါ အဲဒီ ရုပ်နာမ်တွေကို စွန့်လွှတ်ဖို့အတွက် ဒီ ရုပ်နာမ်တွေရဲ့ အနိစ္စ၊ ဒုက္ခ၊ အနတ္တ လက္ခဏာတွေကိုပဲ ထပ်မံ ရှုပွားရပါတယ်။ ဒါကို **ပဋိသင်္ခါဉာဏ်**လို့ ခေါ်တယ်။ ပဋိသင်္ခါဉာဏ်နဲ့ ရုပ်နာမ်တွေကို စွန့်လွှတ်ပြီးတဲ့နောက် ဒီ ရုပ်နာမ်တရားတွေအပေါ် လျစ်လျူရှုနိုင်တဲ့ ဉာဏ် ပေါ်လာမှာပါ။ ဒါကို **သင်္ခါရုပေက္ခာဉာဏ်**လို့ ခေါ်ပါတယ်။ လျစ်လျူရှုတယ်ဆိုတာ ရုပ်တရား နာမ်တရားတွေကို အာရုံပြုမိတဲ့အခါ သာယာနှစ်သက်တယ်ဆိုတာလဲ မရှိ၊ ကြောက်စရာလို့လဲ ဂရုမစိုက်ဘဲ လျစ်လျူရှုကာ အနိစ္စ၊ ဒုက္ခ၊ အနတ္တလို့ ဆင်ခြင်နေခြင်းပဲ ဖြစ်ပါတယ်။

ဒီ သင်္ခါရုပေက္ခာဉာဏ်နဲ့ ရုပ်နာမ်သင်္ခါရတရားတွေအပေါ် လျစ်လျူရှုကာ အနိစ္စ၊ ဒုက္ခ၊ အနတ္တလို့ ရှုမှတ်ဖန်များလာတဲ့အခါ ရုပ်နာမ်သင်္ခါရတရားတွေကို အာရုံမပြုလိုတော့ဘဲ ရုပ်နာမ်သင်္ခါရမှ လွတ်ကင်းရာဖြစ်တဲ့ နိဗ္ဗာန်ကိုပဲ စိတ်ညွှတ်နေတော့တယ်၊ ဒါပေမဲ့ နိဗ္ဗာန်ကို တိုက်ရိုက်လဲ မမြင်ရသေးတော့ နိဗ္ဗာန်ကို ရှာဖွေရင်းနဲ့ပဲ ဒီ ရုပ်နာမ်သင်္ခါရတရားတွေကိုပဲ အာရုံပြု ရှုမှတ်နေရပါသေးတယ်။ နိဗ္ဗာန်ကို မြင်လောက်တဲ့အထိ ရင့်ကျက်လာတဲ့အခါ ပရိကံ၊ ဥပစာ၊ အနုလုံ ဆိုတဲ့ **အနုလောမဉာဏ်** ဖြစ်ပေါ်လာမှာ ဖြစ်ပါတယ်။ အဲဒီပြီးရင်တော့ ဂေါတြဘုဉာဏ်နဲ့ နိဗ္ဗာန်ကို အာရုံစပြုလာနိုင်မှာပါ။ ဥဒယဗ္ဗယဉာဏ်ကနေစလို့ ဒီအနုလောမဉာဏ်အထိ အဆင့်ဆင့်တိုးတက်လာတဲ့ ဝိပဿနာဉာဏ် ၉ ပါးကို ပဋိပဒါဉာဏဒဿနဝိသုဒ္ဓိလို့ ခေါ်ပါတယ်။

ဆဋ္ဌမမြင်းရထားနဲ့တူတဲ့ ဒီ ပဋိပဒါဉာဏဒဿနဝိသုဒ္ဓိ အားကောင်းလာတဲ့အခါ သတ္တမမြင်းရထားနဲ့တူတဲ့ ဉာဏဒဿနဝိသုဒ္ဓိ ဖြစ်ပေါ်လာမှာပါ။ ဉာဏဒဿနဝိသုဒ္ဓိဆိုတာ အနုလောမဉာဏ်၊

ဂေါတြဘုဉာဏ်ဖြစ်ပြီးတဲ့နောက် နိဗ္ဗာန်ကို အာရုံပြုပြီး ဖြစ်ပေါ်လာတဲ့ **မဂ်ဉာဏ်**ကို ခေါ်တာပါ။ မဂ်ဉာဏ်ဟာ လေးမျိုးရှိပါတယ်။ အဲဒီမဂ်ဉာဏ်လေးမျိုးနဲ့ ကိလေသာအဆင့်ဆင့်ကို အကြွင်းမဲ့ ပယ်သတ်လိုက်တဲ့အတွက် အရဟတ္တဖိုလ်ဆိုတဲ့ လောကုတ္တရာတရားအထွတ်အထိပ်ကို ရောက်ပါပြီ။ အရဟတ္တဖိုလ်နဲ့ ဥပါဒါန်အစွဲအလမ်းတွေကင်းတဲ့၊ အိုနာသေဒုက္ခတွေ အပြီးတိုင်ငြိမ်းအေးတဲ့ အနုပါဒါပရိနိဗ္ဗာန်ကို မျက်မှောက်ပြုကာ အေးငြိမ်းစွာ နေနိုင်ပါပြီ။ ဒါကို သတ္တမမြင်းရထားနဲ့ နိဗ္ဗာန်နန်းမြို့ကို ဆိုက်ရောက်ပြီး အရဟတ္တဖိုလ်ဆိုတဲ့ နန်းတော်ပြာသာဒ်ထက်တက်ကာ အနုပါဒါပရိနိဗ္ဗာန်ဆိုတဲ့ နန်းမြို့မှာ အေးငြိမ်းစွာနေတယ်လို့ ဆိုလိုတာ ဖြစ်ပါတယ်။

(၃) ဓာတ်တူမှ ပေါင်းဖက်လို့ရ

"ရဟန်းတို့....သတ္တဝါတွေဟာ ဓာတ်တူမှ တပေါင်းတည်းဖြစ်တယ်၊ တသားတည်းဖြစ်တယ်။ ယုတ်ညံ့တဲ့ နလုံးသွင်းရှိတဲ့ ပုဂ္ဂိုလ်တွေက ယုတ်ညံ့တဲ့ နလုံးသွင်းရှိတဲ့ပုဂ္ဂိုလ်တွေနဲ့ပဲ တပေါင်းတည်း၊ တသားတည်းဖြစ်တယ်။ စိတ်ကောင်းနလုံးကောင်းရှိတဲ့ပုဂ္ဂိုလ်တွေကလဲ စိတ်ကောင်းနလုံးကောင်းရှိသူတွေနဲ့ပဲ တပေါင်းတည်း၊ တသားတည်း ဖြစ်တယ်။

ရဟန်းတို့.....အတိတ်ကာလတွေကလဲ သတ္တဝါတွေဟာ ဓာတ်တူမှပဲ တပေါင်းတည်းဖြစ်ခဲ့ကြတယ်၊ တသား တည်းဖြစ်ခဲ့ကြတယ်။ နလုံးသွင်းညံ့တဲ့သူတွေ စိတ်ထားညံ့တဲ့သူတွေက နလုံးသွင်းညံ့သူ စိတ်ထားညံ့သူချင်းပဲ တပေါင်းတည်း၊ တသားတည်း ဖြစ်ခဲ့ကြတယ်။ စိတ်ကောင်းနလုံးကောင်း ရှိတဲ့ပုဂ္ဂိုလ်တွေကလဲ စိတ်ကောင်း နလုံးကောင်း ရှိတဲ့ပုဂ္ဂိုလ်တွေနဲ့ပဲ တပေါင်းတည်း၊ တသားတည်း ဖြစ်ခဲ့ကြတယ်။

ရဟန်းတို့....နောင်အနာဂတ်ကာလမှာလဲ သတ္တဝါတွေဟာ ဓာတ်တူမှပဲ တပေါင်းတည်း၊ တသားတည်း ဖြစ်ကြမှာ ဖြစ်တယ်။ နလုံးသွင်းညံ့သူ စိတ်ထားညံ့သူတွေက စိတ်ထားညံ့သူ နလုံးသွင်းချင်းပဲ တပေါင်းတည်း၊ တသား တည်းဖြစ်ကြမှာ ဖြစ်တယ်။ စိတ်ကောင်းနလုံးကောင်းရှိသူတွေကလဲ စိတ်ကောင်းနလုံးကောင်း ရှိတဲ့ပုဂ္ဂိုလ်တွေနဲ့ပဲ တပေါင်းတည်း၊ တသားတည်း ဖြစ်ကြမှာဖြစ်တယ်။"

ဒီတရားတော်ကို သံယုတ္တနိကာယ်၊ နိဒါနဝဂ္ဂသံယုတ်ပါဠိတော်မှာ စင်္ကမသုတ်အနေနဲ့ မှတ်တမ်းတင်ထားတာပါ။ အရှင်ပုဏ္ဏမထေရ်အပါအဝင် မထေရ်မြတ်တွေနဲ့သူတို့တပည့်တွေ သဘောတူရာအုပ်စုလိုက် နေထိုင်ကြတာကို အကြောင်းပြုပြီး ဒီတရားတော်ကို ဟောခဲ့တာပါ။ အပြည့်အစုံ ကြည်ညိုကြည့်ရအောင်ပါ။

တစ်ခါမှာတော့ မြတ်စွာဘုရားရှင် ရာဇဂြိုဟ်ပြည် ဂိဇ္ဈကုဋ်တောင်မှာ သီတင်းသုံးနေပါတယ်။ အဲဒီအခါတုန်းက အရှင်သာရိပုတ္တရာဟာ ရဟန်းများစွာနဲ့အတူ မြတ်စွာဘုရားနဲ့ မလှမ်းမကမ်း တစ်နေရာမှာ စင်္ကြံလျှောက်ကာ တရားရှုမှတ်နေကြပါတယ်။ အရှင်မဟာမောဂ္ဂလာန်လဲ ရဟန်းများ စွာနဲ့ အတူ မြတ်စွာဘုရားနဲ့ မနီးမဝေးတစ်နေရာမှာ စင်္ကြံကြွ တရားရှုမှတ်နေကြပါတယ်။ ထိုနည်း

တူစွာ အရှင်မဟာကဿပ၊ အရှင်အနုရုဒ္ဓါ၊ အရှင်ပုဏ္ဏ၊ အရှင်ဥပါလိ၊ အရှင်အာနန္ဒာ၊ အရှင်ဒေဝဒတ် တို့လဲ သူတို့တပည့်ရဟန်းများနဲ့အတူ မြတ်စွာဘုရားနဲ့ သိပ်မဝေးတဲ့တစ်နေရာစီမှာ စင်္ကြံလျှောက်နေ ကြတယ်။

ဒီအခါမှာ မြတ်စွာဘုရားက ရဟန်းတော်တွေကို ခုလို မိန့်တော်မူခဲ့ပါတယ်--- "ရဟန်းတို့... တပည့်ရဟန်းတွေနဲ့အတူ စင်္ကြံလျှောက်နေတဲ့ သာရိပုတ္တရာကို မြင်ကြရဲ့လား" လို့ မိန့်တော်မူတဲ့ အခါ ရဟန်းတော်တွေက "မြင်ပါတယ်ဘုရား"လို့ ပြန်လည်လျှောက်ထားကြတယ်။ ဒီအခါ မြတ်စွာ ဘုရားက "ရဟန်းတို့...အဲဒီရဟန်းတွေအားလုံးဟာ ပညာကြီးမားတဲ့ပုဂ္ဂိုလ်တွေချည်း ဖြစ်တယ်။"လို့ မိန့်တော်မူပါတယ်။ ထိုနည်းတူစွာပဲ အရှင်မဟာမောဂ္ဂလာန်နဲ့အတူ စင်္ကြံလျှောက်နေတဲ့ ရဟန်းတွေ ကို မြင်ရဲ့လားလို့ ရဟန်းတွေကို မေးတော်မူပြီး ရဟန်းတွေက မြင်တဲ့အကြောင်း လျှောက်ထားတဲ့အခါ အဲဒီရဟန်းတွေ အကုန်လုံးဟာ တန်ခိုးကြီးကြတဲ့ ရဟန်းတွေချည်း ဖြစ်တယ်လို့ မိန့်တော်မူပါတယ်။ အဲဒီနောက် အရှင်မဟာကဿပနဲ့အတူ စင်္ကြံလျှောက်နေကြတဲ့ ရဟန်းတွေက ဓုတင်ဆောင်ပုဂ္ဂိုလ် တွေချည်း ဖြစ်ကြောင်း၊ အရှင်အနုရုဒ္ဓါနဲ့အတူ စင်္ကြံလျှောက်နေကြတဲ့ရဟန်းတွေက ဒိဗ္ဗစက္ခုအဘိ- ညာဉ်ရပုဂ္ဂိုလ်တွေချည်း ဖြစ်ကြောင်း၊ မန္တာဏီပုဏ္ဏေးမရဲ့သား အရှင်ပုဏ္ဏနဲ့အတူ စင်္ကြံလျှောက်နေတဲ့ ရဟန်းတွေက ဓမ္မကထိကပုဂ္ဂိုလ်တွေချည်း ဖြစ်ကြောင်း၊ အရှင်ဥပါလိနဲ့အတူ စင်္ကြံလျှောက်နေတဲ့ ရဟန်းတွေက ဝိနည်းဆောင်ပုဂ္ဂိုလ်တွေချည်း ဖြစ်ကြောင်း၊ အရှင်အာနန္ဒာနဲ့အတူ စင်္ကြံလျှောက်နေတဲ့ ရဟန်းတွေက ဗဟုသုတများတဲ့ပုဂ္ဂိုလ်တွေချည်း ဖြစ်ကြောင်းနဲ့၊ အရှင်ဒေဝဒတ်နဲ့အတူ စင်္ကြံလျှောက် နေတဲ့ရဟန်းတွေကတော့ ယုတ်မာတဲ့အလိုရှိတဲ့ပုဂ္ဂိုလ်တွေချည်း ဖြစ်ကြောင်း မိန့်ကြားတော်မူပါတယ်။

မြတ်စွာဘုရားရှင်က အဲဒီလို မိန့်ကြားပြီးတဲ့အခါမှာ သတ္တဝါတွေအချင်းချင်းဟာ ဓာတ်တူမှ ဓာတ်တူရာချင်း ပေါင်းလို့ရတာဖြစ်တဲ့ အကြောင်းကို အထက်မှာ ဖော်ပြခဲ့တဲ့အတိုင်း ဟောကြားခဲ့တာ ဖြစ်ပါတယ်။ ဒါတွေက အရှင်မြတ်နဲ့ဆက်စပ်တဲ့ တရားတော်အပိုင်း ဖြစ်ပါတယ်။

နိဂုံး

အရှင်ပုဏ္ဏမထေရ်အကြောင်းကို ကြည်ညိုရတဲ့အခါ ဓမ္မကထိကတေဒဂ်ရကြောင်း ကောင်းမှု၊ အစွဲသုံးမျိုး ခွါပုံ၊ တရားအားထုတ်တဲ့ယောဂီပုဂ္ဂိုလ်မှာ ပြည့်စုံရမည့် ကထာဝတ္ထု ဆယ်မျိုး၊ နိဗ္ဗာန်သွား မြေပုံဖြစ်တဲ့ ဝိသုဒ္ဓိခုနစ်ပါး၊ သတ္တဝါအချင်းချင်း ဓာတ်တူမှ ပေါင်းသင်းလို့ ရပုံတွေကို တွေ့ရမှာပါ။ ဒါ့ကြောင့် အရှင်မြတ်ကို အားကျပြီး အရှင်မြတ်ကြီး ကျင့်သုံးသလို သူတော်ကောင်းတရား ပြန့်ပွား အောင် ကိုယ်တိုင်လဲကျင့်၊ သူတပါးကိုလဲ ဟောပြောနိုင်ကြပါစေ။ အရှင်မြတ်ပေးတဲ့နည်းအတိုင်း အစွဲသုံးမျိုးကိုလဲ ခွါနိုင်ကြပါစေ။ တရားထူးတရားမြတ်တွေ ရစေဖို့ ကထာဝတ္ထုဆယ်မျိုးနဲ့လဲ

ကိုယ့်ကိုယ်ကို စိစစ်ပြီး ကထာဝတ္ထုဆယ်မျိုး ပြည့်စုံအောင် ကျင့်သုံးနိုင်ကြပါစေ၊ သူတပါးတွေကိုလဲ ဒီဆယ်မျိုးနဲ့ ပြည့်စုံအောင် ဟောပြနိုင်ကြပါစေ။ နိဗ္ဗာန်သွား မြေပုံကို ကြည့်ပြီး တစ်ဆင့်ထက် တစ်ဆင့်မြင့်တက်လာအောင် ကျင့်သုံးနိုင်သဖြင့် အနုပါဒါပရိနိဗ္ဗာန်ကို မျက်မှောက်ပြုနိုင်ကြပါစေ။ သတ္တဝါတွေ ဓာတ်တူရာပေါင်းဖော်နေပုံကို ကြည့်ပြီး လောကဓံသဘာဝတွေကို ပိုမိုနားလည်ကာ အခြားသူတွေရဲ့ မတော်ချွတ်ယွင်းချက် အပြုအမူတွေကို ဥပေက္ခာနလုံးသားနဲ့ သည်းခံခွင့်လွှတ်နိုင်ကြပါစေလို့ ဆုတောင်းရင်း ဒီတပတ်သင်တန်းကို နိဂုံးချုပ်လိုက်ပါတယ်။

ကျမ်းကိုး---

၁။ အင်္ဂုတ္တိုရ်ပါဠိတော် ပထမအုပ်၊ ၎င်းအဋ္ဌကထာ ပထမအုပ်၊

၂။ အပဒါန်ပါဠိတော် ပထမအုပ်၊ ၎င်းအဋ္ဌကထာ ပထမအုပ်၊

၃။ ထေရဂါထာပါဠိ၊ ထေရဂါထာအဋ္ဌကထာ ပထမအုပ်၊

၄။ ခန္ဓဝဂ္ဂသံယုတ်၊ နိဒါနဝဂ္ဂသံယုတ်ပါဠိတော်၊ ၎င်းအဋ္ဌကထာ၊

၅။ မူလပဏ္ဏာသပါဠိတော်၊ ၎င်းအဋ္ဌကထာ ဒုတိယအုပ်၊

၆။ မဟာဗုဒ္ဓဝင် ဆဋ္ဌမတွဲ ပထမပိုင်း၊

၇။ သဒ္ဒါပြဟ်ဘာသာဋီကာ။

အရှင်နေမိန္ဒာဘိဝံသ

မေတ္တာနန္ဒဝိဟာရဓမ္မရိပ်သာ

35691, Plomores Road, Castro Valley, C A 94552, U.S.A

၁၃၈၀-ပြည့်နှစ်၊ ကဆုန်လပြည့်ကျော်(၁၁)ရက်၊ (10/5/18) နေ့ ၂း၀၉။